# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၁၂)ရက် ၊ အင်္ဂါနေ့ ၊ (30-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ဒီမိုကရေစီပန်းတိုင်ဆီ လှမ်းကိုင်ရည်ဖို့ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်


၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်
အရည်အသွေး ကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်
ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၈၅၄



ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်
အယ်ဒီတာ့အာဘော်

## အောင်မြင်သောရွေးကောက်ပွဲမှသည် အနာဂတ်ဒီမိုကရေစီနိုင်ငံသစ်ဆီသို့

ရွေးကောက်ပွဲများသည် မည်သည့်နိုင်ငံအတွက်မဆို အလွန်အရေးပါသော ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အစောဆုံးအဆင့်များကို ဖြတ်သန်းနေရသော တိုင်းပြည်များအတွက် ပို၍အရေးကြီးသည်။ မိမိတို့နိုင်ငံသည်လည်း စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး အရွေ့တစ်ခုအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဖော်ဆောင်ကျင်းပလျက်ရှိရာတွင် ပန်းတိုင်အမြန်ရောက်ရှိရန် ပြည်သူအားလုံး ဆန္ဒမဲပေးခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပြည်သူလူထုလိုလားတောင့်တသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ထိုသို့ဖော်ဆောင်ရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း (၃)ပိုင်းခွဲ၍ ကျင်းပလျက်ရှိရာ အပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆိုပါရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီ ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မဲရုံများတွင် စနစ်တကျလေ့ကျင့်ထားသည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များရှိသည်။ ထိုမဲရုံများတွင် မဲဆန္ဒရှင်များအနေဖြင့် လွတ်လွတ်လပ်လပ်နှင့် ပွင့်လင်းမြင်သာစွာဖြင့် အဆင်ပြေလွယ်ကူစွာမဲပေးနိုင်ရေး ဆောင်ရွက်ပေးထားပြီး မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ လုံခြုံမှုရှိစေရန်၊ ဘေးန္တရာယ်ကင်းရှင်းစေရန် လုံခြုံရေးတာဝန်ယူထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) မဲပေးခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ယခုကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှ၊ တရားမျှတမျှ၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံတကာရေးရာဌာနကိုယ်စားလှယ်အဖွဲ့၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ-ဂျပန်အသင်း(MJA)ကိုယ်စားလှယ်အဖွဲ့တို့မှ ရွေးကောက်ပွဲလေ့လာသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်းလိုက် အောင်မြင်စွာကျင်းပနေမှုများကို ပါဝင်လေ့လာစောင့်ကြည့်ခဲ့ကြသည်။

ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် မြို့နယ် ၁၀၂ မြို့နယ် ပါဝင်မဲပေးခဲ့ကြပြီး အပိုင်း (၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် မြို့နယ် ၁၀၀ မြို့နယ်၊ အပိုင်း (၃) ကို ဇန်နဝါရီလ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယင်းရွေးကောက်ပွဲတွင် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် နိုင်ငံ့အနာဂတ်ပိုမိုကောင်းမွန်ရေးအတွက် ဘက်ပေါင်းစုံမှကြိုးစားကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) သည် အောင်မြင်စွာပြီးမြောက်ခဲ့ပြီး အပိုင်း (၂) နှင့် အပိုင်း (၃) တို့ကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ထိုရွေးကောက်ပွဲများသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် အရွေ့တစ်ခုပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၅၃၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၅၃၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၃၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိရေးအတွက် တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့ကုန်မှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ကြခင်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကြခင်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြခင်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းကာ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြခင်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

ကြခင်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကိုစနစ်တကျထုပ်ပိုးကာ ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၂၀၀၀ မှ ၃၅၀၀ ထိအရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကြခင်းမြို့နယ်မှာ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒီဇင်ဘာလ ဒုတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ အခု ငါးကွမ်းရှပ်ခြောက်ဈေးကလဲ အနည်းငယ် မြောက်လာပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်တွေကို ဒေသအစုံက ဝယ်ယူအား ကောင်းနေတာပါ။ ပိုမိုရောင်းအားကောင်းနေတာက တော့ ငါးကွမ်းရှပ်ခြောက်ပါ"ဟု ကြခင်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ကြခင်းမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၃၁၀၀၀ ထိ အရည်အသွေးပေါ်မူတည်ကာ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



## စဉ့်ကိုင်မြို့နယ် သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူး ဒေါ်ခင်မီမီအောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သပြေပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၉၅သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သထုံမြို့နယ် ကျောင်းဇရပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကွင်းဆင်း စစ်ဆေး

**သထုံ ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းဇရပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများက ကျောင်းဇရပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျောင်းဇရပ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျောင်းဇရပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ရှစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၅ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၅ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၂ လမ်း၊ ၁၁၆ လမ်းနေ ဒေါ်ခင်စန်း (ရွှေမန္တလေးလက်ဖက်ရည်ဆိုင်) သား-ကိုဇော်မျိုးအောင်-မဝေဇင်သက်၊ ကိုလှိုင်မင်းအောင် - မလှမြတ်နိုး မိသားစုက ဆေးပဒေသာပင်ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်း ၃၉၃၉ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်း စိုက်ပျိုးမှုကို အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၃၉၃၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့ စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ကန်ဇွန်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဇွန်ဆိပ်ကျေးရွာအုပ်စု ကန်ဇွန်းအင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကန်ဇွန်းအင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်ဇွန်းအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၁၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၇ ဒသမ ၆ သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

နော်လူး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ရွှေသွယ်ရင် စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ရွှေသွယ်ရင် စပါးအမျိုးအစားတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ရွှေသွယ်ရင်စပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သော နိုဝင်ဘာလအတွင်း ရွှေသွယ်ရင် စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရွှေသွယ်ရင် စပါးတင်းရေအများအပြား ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရွှေသွယ်ရင်စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင် စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ရေလမ်း နှစ်ခုစလုံးနဲ့ အဆင်ပြေသလိုပဲ တင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေ ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ဦးကြင်ဥ၏ စာ၊ ကဗျာ၊ သီချင်းနှင့် ပြဇာတ်

ပြေအေးသက်

ဦးကြင်ဥကို မြေထဲမြို့ စီရင်စုအပိုင်၊ ဆင်ပေါင်ဝဲရွာ (ယခုမကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်) တွင်မွေးဖွား၍ အမရပူရနေပြည်တော်တွင် ကြီးပြင်းခဲ့သည်။ ဦးကြင်ဥ၏ မွေးသက္ကရာဇ်မှာ အတိအကျ မရှိပေ။ မောင်သုတ(ဗိုလ်မှူးဘသောင်း)က မြန်မာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်ခန့်ဟုလည်းကောင်း၊ ဆရာဦးလူဖေဝင်းက မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်ဟုလည်းကောင်း၊ မလိခ၏မြန်မာစာပေအဘိဓာန်တွင် မြန်မာသက္ကရာဇ် ၁၁၄၂ ခုနှစ်ဟုလည်းကောင်း အမျိုးမျိုးခန့်မှန်းကြသည်။ ဦးကြင်ဥသည် ကုန်းဘောင်ခေတ် ရတနာပူရစတုတ္ထမြို့တည် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်မှစ၍ ရွှေဘိုမင်းလက်ထက် (၁၁၉၉–၁၂၀၈)၊ ပုဂံမင်းလက်ထက် (၁၂၀၈–၁၂၁၄) များတွင် ထင်ရှားကျော်စောသော စာဆိုတော်ကြီးဖြစ်သည်။ ဦးကြင်ဥသည် ပြဇာတ်၊ ဇာတ်ထုပ်ဇာတ်ဝင် ကဗျာတို့ကိုသာ ရေးသည်သာမဟုတ် ပဒေသာသီချင်း၊ တောဘွဲ့၊ ရာသီဘွဲ့အမျိုးမျိုးတို့ကိုလည်း ရေးသားခဲ့ပေသည်။ မြန်မာကဗျာအဖွဲ့အနွဲ့အမျိုးမျိုးရှိသည့်အနက် ပြဇာတ်အဖွဲ့အနွဲ့များတွင် ဆရာကြီး ဦးကြင်ဥရေးသားသော ပြဇာတ်များသည် ရေးအကျဆုံးဖြစ်သည်။

ဦးကြင်ဥ၏ စာနှင့်ကဗျာတို့သည် ရွတ်ဖတ်ရာတွင် အသံသာရုံမက စိတ်ထဲတွင်စွဲမှတ်ထင်ကျန်ခဲ့ခြင်းက အသက်ဟုဆိုရပေမည်။ ငယ်စဉ်ကျောင်းသားဘဝက ရွတ်ဖတ်ခဲ့ရသည့် ဦးကြင်ဥ၏ ကဗျာတို့သည် ယခုထိ အလွတ်ရနေတုန်းပင်ဖြစ်သည်။ ကဗျာတို့သည် အကြောင်းအရာစုံလင်လှရုံမက အဖွဲ့အနွဲ့ကလည်း ကောင်းမွန်ပြီး စကာလုံးရွေးချယ် သုံးနှုန်းပုံကလည်း ထိလှမိလှပေသည်။ ဤ"ကြုံ့စဖူး၊ မြင်ဖူးမှ ယုံစဖွယ်" လေးချိုးသဖြန် ကဗျာဆိုလျှင် ယခုချိန်ထိ မှတ်မှတ်ရရ ဖြစ်နေဆဲဖြစ်သည်။ အဆိုပါကဗျာကို ပုသိမ်မြို့ မော်တင်စွန်းသို့ရောက်ခိုက် ဦးကြင်ဥက ငါးအမျိုးမျိုး၊ ခရုအမျိုးမျိုးတို့ကို မြင်ပြန်ရာ ဝါသနာအလျောက် ရေးစပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကဗျာမှာ "ကြုံ့စဖူး၊ မြင်ဖူးမှ ယုံစဖွယ်။ ဖြူနီဝါ ပြာတစ်စုနှင့်၊ ခရုထွေလာဆန်း၊ ကမ်းကွေ့ပတ်လည်။ ရွှေမင်တံ သံပခြုပ်နှင့်၊ ဟန်ရုပ်ပြသွယ်သွယ်၊ နတ်မယ်လျှဆံထိုး။ ဝင်ကစွပ်၊ မြင်ဆွတ်ကကြည်ဖို့ရာ၊ သည်သို့လာ ဟိုသို့သွားနှင့်၊ အငှားခန္ဓာမြှောင်ရတယ်၊ ဆန်းခေါင်ထိမျိုး။" ဟူ၍ဖြစ်သည်။

**စာပေသင်ကြားခြင်းနှင့် အမှုထမ်းခြင်း**

ငယ်ရွယ်စဉ်အခါမှစ၍ လောကီ၊ လောကုတ္တရာကျမ်းအမျိုးမျိုးတို့ကို လေ့လာဆည်းပူးခဲ့သည့်အပြင် ကဗျာဘက်တွင်လည်း ဝါသနာထက်သန်ခဲ့လေသည်။ ကြီးပြင်းလာသောအခါ နေပြည်တော်၌ပင် စာဆိုတော်အဖြစ် အမှုထမ်းခဲ့သည်။ ဒေသန္တရဗဟုသုတအပြင် အင်္ဂရတ်၊ ဆေးဝါး၊ နက္ခတ်တာရာ၊ သုံးပုံဖဲ စသည့်အဘက်ဘက်တွင်လည်း နှံ့စပ်သိမြင်ကြောင်း သူ၏ကဗျာများတွင် တွေ့ရသည်။ အကြောင်းယုတ္တိလုံလောက်ပါက ရေးထုံးစဉ်လာကိုသာမက အသစ်အဆန်းတို့ကိုလည်း ထိုးထွင်းဉာဏ်ဖြင့် တီထွင်သွားလိုသောဆန္ဒရှိသည်။ ဝန်ကြီးပဒေသရာဇာသည် မြန်မာစာပေတွင် အသစ်အဆန်းတို့ကို တီထွင်သွားသကဲ့သို့ ဦးကြင်ဥသည်လည်း တီထွင်လေသည်။ ရှေးယခင်အခါများက နန်းတော်သူ၊ နန်းတော်သားများဖတ်ရှုရန် နန်းတွင်းဇာတ်တော်ကြီးများရှိခဲ့ရာ ဦးကြင်ဥလက်ထက်သို့ ရောက်သောအခါ ဖတ်ရှုရုံသာမဟုတ်ဘဲ ကပြရန်အတွက်ပါ ပြဇာတ်များကို တီထွင်ရေးသားခဲ့ပေသည်။

❖ဦးကြင်ဥ၏ စာနှင့်ကဗျာတို့သည် ရွတ်ဖတ်ရာတွင် အသံသာရုံမက စိတ်ထဲတွင်စွဲမှတ်ထင်ကျန်ခဲ့ခြင်းက အသက်ဟုဆိုရပေမည်။ ငယ်စဉ်ကျောင်းသားဘဝကရွတ်ဖတ်ခဲ့ရသည့် ဦးကြင်ဥ၏ ကဗျာတို့သည် ယခုထိ အလွတ်ရနေတုန်းပင်ဖြစ်သည်။ ကဗျာတို့သည် အကြောင်းအရာစုံလင်လှရုံမက အဖွဲ့အနွဲ့ကလည်းကောင်းမွန်ပြီး စကာလုံးရွေးချယ် သုံးနှုန်းပုံကလည်း ထိလှမိလှပေသည်။ ဤ"ကြုံ့စဖူး၊ မြင်ဖူးမှ ယုံစဖွယ်" လေးချိုးသဖြန် ကဗျာဆိုလျှင် ယခုချိန်ထိ မှတ်မှတ်ရရ ဖြစ်နေဆဲဖြစ်သည်။ အဆိုပါကဗျာကို ပုသိမ်မြို့ မော်တင်စွန်းသို့ ရောက်ခိုက် ဦးကြင်ဥက ငါးအမျိုးမျိုး၊ ခရုအမျိုးမျိုးတို့ကို မြင်ပြန်ရာ ဝါသနာအလျောက် ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ❖

**ဦးကြင်ဥနှင့် ဆယ့်နှစ်ရာသီဘွဲ့**

ဦးကြင်ဥသည် တပေါင်းလဘွဲ့ကိုပဲ ခုနစ်ပုဒ်မျှ ရေးဖွဲ့ခဲ့သည်မှာ အံ့သြဖွယ်ဟုဆိုရပေမည်။ ဦးကြင်ဥရေးဖွဲ့ခဲ့သည့် ဆယ့်နှစ်ရာသီဘွဲ့များတွင် သာယာလှပသော တပေါင်းလကိုမူ ပို၍အထူးပြုဖွဲ့ဆိုသွားဟန်တူသည်။ ထိုဆယ့်နှစ်ရာသီဘွဲ့၏ အဆုံးပိုဒ်တွင် လေးချိုးသဖြန်များဖြင့် နိဂုံးချုပ်လေ့ရှိရာ မစိမ်းလှသည့်လေးချိုးသဖြန်တချို့မှာ "ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ ပတ်လည်။ သဇင်ကြွင်းငယ်နှင့်၊ အင်ကြင်းသန္တာညွန့် ငယ်တို့ ဖူးကွန့်ကိုက်စည်။ ဘမရာရွှေပိတုန်းငယ်တို့၊ ချွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ။ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် စျာန်ယိုင်လျှောရတယ်၊ ရာသီတွင် ခါညီပြောပေပ၊ ကြော၍သာမြဲ။"ဟူ၍ဖြစ်သည်။

**ဦးကြင်ဥ၏ လေးချိုး**

ဦးကြင်ဥသည် လေးချိုးများကိုလည်း ရေးဖွဲ့ခဲ့ရာ ထင်ရှားပြီး ကျောင်းသုံးစာအုပ်များတွင် ပြဋ္ဌာန်းခံရလေသည်။ ထိုအထဲတွင် ဦးဖိုးလတ်ပြုစုခဲ့သည့် ကျောင်းသုံးသီချင်းပဒေသာစာအုပ်တွင် ပါဝင်သည့် လေးချိုးများမှာ လူကလေးတဲ့ ချော့စရာ၊ ကြောင်ဖားရဲ့မြီးတံတို၊ လှည်းယဉ် စသည်တို့ဖြစ်ကြသည်။ ထိုလေးချိုးများသည် မိမိတို့နှင့်ရင်းနှီးပြီးသား လေးချိုးများဖြစ်ကြသည်ဟု ဆိုရချေမည်။ လူကလေးတဲ့ချော့စရာဆိုသည့် လေးချိုးဆိုလျှင် "လူကလေးတဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က၊ ဖားကောက်ခဲ့ပါ။ ဖားပါရင် တစ်ကောင်ပေးပ၊ မျက်လုံးကြောင်တောင်တောင်နဲ့၊ ဖားကောင်ကသေး"ဟူ၍ဖြစ်သည်။ ကြောင်ဖားရဲ့မြီးတံတိုဆိုသည့်ကဗျာလေးမှာ "ကြောင်ဖားရဲ့ မြီးတံတို၊ အဆီကိုစားပါလို့၊ အသားကိုမျို၊ ကြောင်အိုပေမေး၊ ကိုက်ပါနဲ့လေး။"ဟူ၍ဖြစ်ပေသည်။ လှည်းယဉ်ကဗျာမှာ "ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်၊ ပျိုတို့လူယာမလုပ်တယ်၊ ဝါးခုတ်တဲ့တောင်။ နွားညီနောင်၊ စည်အောင်ပ့ါ ဖေကျောင်း။ မယ်နှင့်မောင် အတူနေရမှ၊ ဆုဝေအောင် ချူတွေဆွဲလို့ရယ်၊ လှည်းယဉ်နဲ့မောင်း။"ဟူ၍ဖြစ်သည်။

**ဦးကြင်ဥနှင့် ညည်းချင်း**

ဦးကြင်ဥ၏ လတန်ခူးကဗျာသည် ညည်းချင်းအမျိုးအစားဖြစ်ပြီး အစောဆုံးညည်းချင်းများဖြစ်ကြသည်။ တန်ခူးလကဗျာမှာ "ဩော်...ဆွေမစုံဖက်၊ ဖြေပုံခက်အောင်၊ မကန်းကွက်ချွန်၊ တိမ်ရွက်ကွန်လဲ၊ လက်ပုစွန်ရိုး၊ ရွာစကျွန်ငယ်၊ သံဝှန်ဖြိုးမျှ၊ မြူခိုးငယ်မှောင်ချွေ၊ ထောင်ရောင်နေလဲ၊ မချွေလမ်းကွန့်၊ ပြင်ခန်းစွန့်မို့၊ ကိုက်ညွန့်ငယ်ဖူးစီ၊ ဂေါ်ငွေခိုင်ဝတ်၊ လေယိုင်ညွှတ်သည်၊ ဖက်ဆွတ်ချီနှင့်၊ ယဉ်သီတာပျို့၊ သောင်ကမ်းစို့မှာ၊ နှစ်ကိုယ့်တစ်ကိုယ်၊ ဟသ်ာသောင်တင်၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းဆိုသည်၊ မဖိုတောင်ဖြန့်ဝဲတော့တယ်။ ဒွါဒရာလက်၊ ဆယ့်နှစ်ကွက်တွင်၊ ဂုဏ်အနဂ္ဃ၊ ချိန်နှိုင်းစက်လဲ၊ ဖက်မမျှဘူး၊ စိတ္တရခါ၊ ကြယ်ထွန်းပတဲ့၊ လအတာမှာ၊ အသာခေါင်ခန့်ကဲတော့တယ်။ ကြေကွဲလွမ်းရန်၊ ကြင့်နမ်းမွှေ့တဲ့၊ သန်းရွှေ့မှန်တို့၊ ဘယ်ဉာဏ်ကြံခိုင်၊ တံ့စားနိုင်လိမ့်။ (လေးချိုးသဖြန်) ဖြေမနိုင် ရေဆိုင်ဝဲသို့၊ မှိုင်ပွဲတဲ့သစ်စေ။ မုတ်ကွန်းဆောင်ပျံနှင့်၊ ခြသေ့ခံ မှန်ပြတင်းမှာမှ၊ သွင်းတဲ့လေပြေ။ မျိုလို့သာ ခဲရတယ်၊ သဲနောက်ကျူဗျာပွေ၊ ကြေကြွေဘွယ့်ဘနန်း။ နှင်းသတ်အထုံ၊ ဝရတ်ကယ်သဋ္ဌာဘုံက၊ ထည်ကောဠ်ု ခြုံရုံထွေးသော်လဲ၊ မလုံမစုံသေးသူတို့၊ ဆွေးဘို့စတမ်း။"ဟူ၍ ဖြစ်သည်။

ညည်းချင်းသည် အချင်းကဗျာ တစ်မျိုးဖြစ်ပြီး ခွဲခွာကွေကွင်းနေရသော မိတ်ဆွေ၊ ကြင်ဖော်ကြင်ဖက်တို့ကိုတမ်းတည်းညည်းသည့်အနေဖြင့်လည်းကောင်း၊ သာယာကြည်နူးဖွယ်ကောင်းသော တောတောင်သဘာဝနှင့် လွမ်းမောဖွယ်ကောင်းသောအခြေအနေစသည်တို့ကိုတွေ့၍ တမ်းတညည်းညူသည့်အနေဖြင့်လည်းကောင်း ရေးဖွဲ့ထားသော ကဗျာဖြစ်သည်။ ညည်းချင်းများသည် သက်ဆိုင်သောလူ၊ ဆီလျော်သော ဇာတ်ကွက်၊ သင့်လျော်သောအခြေအနေနှင့် ကြုံလာတိုင်း အသုံးပြုသီဆိုနိုင်သည့် ပဒေသာသီချင်းလည်းဖြစ်သည်။

ဦးကြင်ဥ၏ ညည်းချင်းများနှင့် လေးချိုးများသည် မင်းသား၊ မင်းသမီး၊ ဇာတ်သူ၊ ဇာတ်သားများ၏ နာမည်တစ်စုံတစ်ရာ မပါသည့်အပြင် တစ်ခုတည်းသော ဇာတ်လမ်း၊ ဇာတ်ခန်းတစ်ခုအတွက်သာ ရေးဖွဲ့ထားခြင်းမဟုတ်သောကြောင့် ၎င်းသီချင်းတို့ကို အခြားမည်သည့်ဇာတ်လမ်း၌မဆို အသုံးပြုနိုင်သည့် အားသာချက်ရှိနေပေရာ ထိုသီချင်းတို့ကို ပဒေသာသီချင်းဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ပဒေသာသီချင်းများမှာ တန်ခူးလဘွဲ့နှစ်ပုဒ်၊ ကဆုန်လဘွဲ့ တစ်ပုဒ်၊ ပြာသိုလဘွဲ့တစ်ပုဒ်၊ တပို့တွဲလဘွဲ့ တစ်ပုဒ်၊ တပေါင်းလဘွဲ့ ခုနစ်ပုဒ်၊ တောဘွဲ့ နှစ်ပုဒ်၊ မိုးဘွဲ့ တစ်ပုဒ်၊ ဝိဇ္ဇာဘွဲ့ တစ်ပုဒ်၊ သံဝေဂဘွဲ့ တစ်ပုဒ်၊ ပင်လယ်ငါးဘွဲ့ တစ်ပုဒ်၊ ပင်လယ်ခရုဘွဲ့ တစ်ပုဒ်၊ သန်းခေါင်ကျော်ညည်းချင်းနှစ်ပုဒ်၊ ဇော်ဂျီချင်း တစ်ပုဒ်၊ မင်းသားဆိုင်းဆင့် နှစ်ပုဒ်ဖြစ်သောကြောင့် စုစုပေါင်း ပဒေသာသီချင်း ၂၄ ပုဒ် ရေးသားခဲ့လေသည်။ ရှာမတွေ့သေး၍ တိမ်မြုပ်နေသော သီချင်းများလည်း များစွာရှိနေပေဦးမည်။

**ဦးကြင်ဥနှင့် ပြဇာတ်**

ဘုရားဟောဝတ္ထုကို အခြေပြုရေးသားသော ဝေဿန္တရာနှင့် မဟောသဓာပြဇာတ်တို့မှတစ်ပါး ဒေဝကုမ္မန်၊ ဝင်္ကန္တ၊ ကာလကဏ္ဏီ၊ ပါပဟိန် စသော ပြဇာတ်တို့သည် ဦးကြင်ဥ၏ ကိုယ်ပိုင်ဉာဏ်မှပေါက်ဖွားလာသော ဒဏ္ဍာရီပြဇာတ်များဖြစ်လေသည်။ ဦးကြင်ဥသည် စာဆိုတော်ကြီး စလေဦးပုညနှင့် ခေတ်ပြိုင်စာဆိုဖြစ်သည်။ ပြဇာတ်ကိုးပုဒ်ရေးသားခဲ့ရာ ပါပဟိန်ပြဇာတ်၊ ဒေဝကုမ္မန် ပြဇာတ်၊ ဝင်္ကန္တပြဇာတ်၊ မဟောသဓာပြဇာတ် (၁)၊ မဟောသဓာပြဇာတ်(၂)၊ တေဇသုရိန်ပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ကာလကဏ္ဏီပြဇာတ်နှင့် မာယာဝဇ္ဇနပြဇတ်တို့ဖြစ်ကြသည်။ ထိုအထဲတွင် ဝေဿန္တရာပြဇာတ်၊ ကာလကဏ္ဏီပြဇာတ်နှင့် မာယာဝဇ္ဇနပြဇာတ်တို့မှာ တိမ်မြုပ်ပျောက်ကွယ်နေပေသည်။ ရှေးယခင်က နန်းတော်သူ၊ နန်းတော်သားတို့ ကြည့်ရှုရန် နန်းတွင်းဇာတ်တော်ကြီးများသာရှိသည်။ ဦးကြင်ဥခေတ်ရောက်သောအခါ တစ်ညတည်းဖြင့် အပြီးကသည် ပြဇာတ်များရေးသားခဲ့ပေသည်။ ဦးကြင်ဥ၏ပြဇာတ်များကို ထောက်ရှုခြင်းအားဖြင့် ဇာတ်သဘင်ပြဇာတ်ပညာဘက်တွင် အလွန်ကျွမ်းကျင်ကြောင်း ထင်ရှားသိသာသည်။

**ဇာတိမြေသို့**

ဦးကြင်ဥသည် အသက်အရွယ်ကြီးရင့်လာသောအခါ မင်းမှုထမ်းဘဝမှအနားယူပြီး ဇာတိရပ်မြေ ဆင်ပေါင်ဝဲသို့ပြန်၍ အနားယူနေထိုင်ခဲ့သည်ဟုဆိုသည်။ ဦးကြင်ဥနေထိုင်ခဲ့သည့် အရပ်ဒေသများနှင့် ပတ်သက်၍ ၁၃၃၁ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်၊ ဗိသုကာဌာနပါမောက္ခ ဦးမျိုးမြင့်စိန်က မုံရွာမြို့ ကြေးမုံရွာသို့ရောက်စဉ် ၁၂၀၀ ပြည့်နှစ်ခန့်က ထိုအရပ်တွင် ဦးကြင်ဥ၏နေခဲ့သည့်အိမ်ကို တွေ့သည်ဟုဆိုသည်။

မြန်မာ့အလင်း ဦးကိုကိုလင်း၏ ပုရပိုက်အဟောင်းတစ်ခုတွင် မင်းမှုထမ်းမှ အနားယူပြီးသောအခါ ပြဇာတ်များမရေးသားတော့သော်လည်း ပုသိမ်ဘက်ရောက်သောအခါ ပင်လယ်ကမ်းစပ်၌ ငါး၊ ခရုစသည်တို့ကိုမြင်သဖြင့် ဝါသနာအရ "ကြုံ့စဖူး၊ မြင်ဖူးမှ ယုံစဖွယ်"လေးချိုးသဖြန် ကဗျာလေးကို ရေးဖွဲ့ဖြစ်သည်ဟု ဆိုကြသည်။ ၁၂၁၂ ခုနှစ်ခန့်တွင် ဆရာကြီး ဦးကြင်ဥသည် ဆင်ပေါင်ဝဲတွင်ပင် ကွယ်လွန်သည်ဟုဆိုကြသည်။ ဆရာကြီး ဦးကြင်ဥသည် စာပေ၊ သီချင်းနှင့်ပြဇာတ်လောကတွင် အဦးအစများကို တီထွင်နိုင်ခဲ့သူတစ်ဦးဟု ဆိုရပေမည်ဖြစ်သည်။

**ကိုးကား**


- **သောင်းရွှေညို၏ ဇာတ်ဆရာကြီး ဦးကြင်ဥနှင့် သူ၏ပြဇာတ်များ**
- **ဦးကြင်ဥ၏ ပဒေသာသီချင်း**
- **ဒေါ်တင်တင်မြင့်၏ ဦးကြင်ဥ ပဒေသာသီချင်းအဖြေများ**
- **ဦးဖိုးလတ်၏ ကျောင်းသုံးသီချင်းပဒေသာ ပထမအုပ်**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၂၄၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၁၀၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကန်ကြီးထောင့်မြို့နယ်အတွင်း စားဖိုဆောင်သီးနှံဧက ၂၄၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို ဒေသနဲ့ ကိုက်ညီတဲ့ အသီးအနှံတွေကို အများဆုံး စိုက်ပျိုးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ ဟင်းနုနယ်၊ မုန်ညင်း၊ မုန်လာဥ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့် သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးထားသော စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သီးနှံများပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ထန်းတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှတ်ရှည်ကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထန်းတောကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် သိန်း ၁၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၆ ဦးကို ငွေကျပ် ၂၈၉ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂၃ သိန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုံးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

## ညီညာမှ ပြည်သာမည်

\- ငြိမ်းချမ်းခြင်းတွေနဲ့ ရပ်တည်စေလို
အပြုံးချင်းကြို တူယှဉ်မှန်း၊
မှန်းဆက်ချီ
ကမ်းလက်ညီ သွေးဆုံရပ်မှ
ရလဒ်မှန် တူညီမျှ
ရလိမ့် အောင်ပန်း။

\- ပြောင်းလဲခြင်းတွေနဲ့ မြင့်မားစေလို
အပြုံးချင်းကြို တူယှဉ်လှမ်း၊
လှမ်းတက်ညီ
မှန်းဆက်ရည် အားသွန်လျှောက်မှ
လမ်းပေါက်ရာ တူညီမျှ
ရလိမ့် အောင်ပန်း။

\- တိုးတက်ခြင်းတွေနဲ့ ကြွားဝင့်စေလို
အပြုံးချင်းကြို တူယှဉ်ထမ်း၊
ထမ်းရွက်ညီ
စွမ်းထက်တည် ဖွဲ့မာန်မြင့်မှ
ခွင့်လမ်းသာ တူညီမျှ
ရလိမ့် အောင်ပန်း။

\- အောင်ပန်းတွေ ဝေဆာတင့်ဖို့
မာန်ဝင့်လို့ ရှေးရှုချီ၊
ခံယူချက်တွေ မြင့်မြင့်မား
နိုးကြား ကိုယ်စီ၊
ညီညာမှ ပြည်သာမည်
ခိုင်ကျည်စွာ ရင်မှာစွဲ၊
နွားကွဲရင် ကျားဆွဲပေလိမ့်
တွဲလက်ညီ ခေါင်းချင်းဆိုင်၍
ကိုယ့်နိုင်ငံ ပြည်သာယာရေးအတွက်
သွေးစကား အရေးထားလို့
ဘေးတရား အတွေးမမှားဖို့
သွေးဆုံကာ ညီညွတ်အားတွေနဲ့
နိုးကြားစွာ ဝန်းရံဝိုင်းကာပ
ပြည့်သမိုင်းဂုဏ် တင့်လျှမ်းရအောင်
ကိုယ်ကျရာ ခန်းကဏ္ဍမှ
(သွေးချင်းတို့ရေ.... )
စွမ်းကြဖို့ပဲ။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# ထိုင်ဝမ်ကျွန်းအနီး ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ တရုတ်ပြုလုပ်

**ပေကျင်း ဒီဇင်ဘာ ၂၉**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ)သည် ယနေ့တွင် ထိုင်ဝမ်ကျွန်းအနီး၌ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ကျည်စစ်သုံး စစ်ရေး လေ့ကျင့်မှုများကို ဒီဇင်ဘာ ၃၀ ရက်ထိ ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း ပီအယ်လ်အေ အရှေ့ပိုင်းစစ်ဒေသစစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

တရားမျှတမှု ၂၀၂၅ ဟူ၍ အမည်ပေးထားသော အဆိုပါ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများတွင် တရုတ်စစ်သင်္ဘောနှင့် စစ်လေယာဉ် အများအပြား ပါဝင်ခဲ့ကြကြောင်း သိရသည်။

တရုတ်(တိုင်ပေ) သို့ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိ လက်နက်ခဲယမ်းများ ရောင်းချမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ကြေညာခဲ့ပြီး ၁၁ ရက်အကြာတွင် ထိုင်ဝမ်ကျွန်းအနီး ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှု များ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ စစ်ရေးလေ့ကျင့်မှုများ အတွင်း တရုတ်စစ်သင်္ဘောများနှင့် စစ်လေယာဉ်များသည် တရုတ် (တိုင်ပေ)ကမ်းရိုးတန်းနှင့် ရေမိုင် ၂၄ မိုင်အကွာထိ ချဉ်းကပ်ခဲ့ ကြောင်း သိရသည်။

တရားမျှတမှု ၂၀၂၅ ကျည်စစ်သုံး စစ်ရေး လေ့ကျင့်မှုများသည် တရုတ်(တိုင်ပေ)သို့ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပလိုစီရောက်ရှိခဲ့သော ၂၀၂၂ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံက ထိုင်ဝမ်ကျွန်းအနီး ပြုလုပ်ခဲ့သည့် ဆဋ္ဌမမြောက် အဓိကစစ်ရေး လေ့ကျင့်မှုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# မက္ကဆီကိုတောင်ပိုင်း၌ ရထားလမ်းချော်မှုဖြစ်ပွား လူ ၁၃ ဦး သေဆုံး၍ ၉၈ ဦး ဒဏ်ရာရ

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၉**

မက္ကဆီကိုနိုင်ငံ တောင်ပိုင်း၌ ဒီဇင်ဘာ ၂၈ ရက်က ခရီးသည်တင် ရထားတစ်စီး လမ်းချော်မှုဖြစ်ပွား ခဲ့ရာ လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရထားမတော်တဆမှု တွင် လူ ၉၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ငါးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း မက္ကဆီကို တာဝန်ရှိသူများက ပြောကြားထားသည်။

ယင်း ရထားလမ်းချော်မှုဖြစ်စဉ် သည် ဝါဆာကာပြည်နယ်နှင့် ဗီရာခရုစ်မြို့တို့ကို ချိတ်ဆက်ပေး ထားသည့် ရထားလမ်းပိုင်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားလမ်းချော်မှု ဖြစ်ပွားချိန် တွင် အဆိုပါခရီးသည်တင်ရထား ပေါ်၌ ခရီးသည် ၂၄၁ ဦးနှင့် ရထား ဝန်ထမ်း ကိုးဦး လိုက်ပါလာ ကြောင်း သိရသည်။

ယင်း ခရီးသည်တင်ရထားသည် နီဇန်ဒါမြို့အနီးမှ ရထားလမ်းကွေ့ တစ်ခုကို ဖြတ်ကျော်ခုတ်မောင်း နေစဉ် လမ်းချော်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရထားလမ်းချော်မှု ဖြစ်စဉ် နောက်ခံအကြောင်းရင်းကို မက္ကဆီကို အာဏာပိုင်များက စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင်ကြီးကြပ်

**ပြုံယမ်း ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့ သည့် မဟာဗျူဟာမြောက်တာဝေး ပစ် ခရုစ်ဒုံးကျည်စမ်းသပ်မှုကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင်ကြီးကြပ်ခဲ့ သည်ဟု ကေစီအင်န်အေ သတင်း ဌာနက သတင်းထုတ်ပြန်ထား ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဒီဇင်ဘာ ၂၈ ရက် ဒုံးကျည် စမ်းသပ်မှုသည် မြောက်ကိုရီးယား ၏ စစ်ရေးနှင့် စီးပွားရေး တိုးတက် မှုများ ပြသရေးအတွက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ သည့် လက်နက်စမ်းသပ်မှုဖြစ်စဉ် ဖြစ်ကြောင်း ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန် ချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ တာဝေးပစ်ခရုစ်ဒုံးကျည် ကို ပြုံယမ်းမြို့အနီး ဆူနန်ဒေသမှ တစ်ဆင့် ကိုရီးယားကျွန်းဆွယ် အနောက်ဘက် ရေပြင်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ ဒီဇင်ဘာ ၂၈ ရက် ခရုစ်ဒုံးကျည် စမ်းသပ်မှုများကို တောင်ကိုရီး ယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံး ကလည်း ယနေ့တွင် အတည်ပြု ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြီးခဲ့သည့် ရက် သတ္တပတ်ကလည်း မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်စမ်းသပ်မှုများ ကို ကိုယ်တိုင်ကြီးကြပ်ခဲ့သည်။

မြောက်ကိုရီးယား အနေဖြင့် နှစ်သစ်ကူး ကာလအတွင်း လက်နက်စမ်းသပ်မှုများ ထပ်မံ ပြုလုပ်လာနိုင်ကြောင်း တောင်ကို ရီးယားတပ်မတော် တာဝန်ရှိသူ များက ယုံကြည်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ကမ္ဘောဒီးယားနိုင်ငံက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်နေကြောင်း ထိုင်းတပ်မတော် ပြောကြား

**ဗန်ကောက် ဒီဇင်ဘာ ၂၉**

အသစ် ထပ်မံရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ကို ကမ္ဘောဒီးယားနိုင်ငံ က ချိုးဖောက်နေသည်ဟု ထိုင်း တပ်မတော်က ယနေ့တွင် စွပ်စွဲခဲ့ ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘောဒီးယား နိုင်ငံဘက်က စေလွှတ်လိုက်သည့် မောင်းသူမဲ့ ဒရုန်းယာဉ်အစင်း ၂၅၀ ကျော်တို့ သည် ဒီဇင်ဘာ ၂၈ ရက်တွင် ထိုင်း ပိုင်နက်ကို ချိုးဖောက်ခဲ့ကြောင်း ထိုင်းတပ်မတော် သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကမ္ဘောဒီးယား၏ လုပ်ရပ်သည် နှစ်နိုင်ငံတင်းမာမှုများ လျှော့ချရေး အတွက် ရည်ရွယ်ရယူထားသော စည်းမျဉ်းများကို ချိုးဖောက်ရာ၊ ထိုင်းနိုင်ငံကိုရန်စရာရောက်ကြောင်း ထိုင်းတပ်မတော် ကြေညာချက် တွင် ဖော်ပြထားသည်။



ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ တို့သည် ဒီဇင်ဘာ ၇ ရက်တွင် စတင်ခဲ့သည့် ရက်၂၀ ကြာ နယ်စပ် ပဋိပက္ခများကို ဒီဇင်ဘာ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီ ချက်ရယူ၍ ရပ်ဆိုင်းထားသည်။

တရုတ်နိုင်ငံ၌ ထိုင်းနှင့် ကမ္ဘော ဒီးယား နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးနေချိန်တွင် ထိုင်း တပ်မတော်၏စွပ်စွဲချက် ပေါ်ထွက် လာခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ယခုနှစ် ဇူလိုင်လကလည်း ငါးရက် ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွား ခဲ့ရာ ထိုစဉ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲရေး သဘော တူညီချက် ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အင်ဒိုနီးရှားနိုင်ငံ၌ သက်ကြီးစောင့်ရှောက်ရေးဂေဟာ မီးလောင်မှုဖြစ်ပွား လူ ၁၆ဦးသေဆုံး၍ ၁၅ ဦးကို ကယ်ထုတ်နိုင်ခဲ့

**ဂျကာတာ ဒီဇင်ဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီ ကျွန်း မာနာဒိုမြို့ရှိ သက်ကြီး စောင့်ရှောက်ရေး ဂေဟာတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၆ ဦး သေဆုံးခဲ့သည်ဟု တာဝန်ရှိသူများ က ယနေ့တွင် သတင်းထုတ်ပြန် ထားကြောင်း Xinhua သတင်းဌာန က ဖော်ပြထားသည်။

အဆိုပါ သက်ကြီးစောင့်ရှောက် ရေးဂေဟာ မီးလောင်မှုသည် ဒီဇင်ဘာ ၂၈ ရက်တွင် ဖြစ်ပွားခဲ့ ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား မီဒီယာများ၏ အဆိုအရ သိရသည်။

ဝါဒါဒါမိုင်အမည်ရှိ သက်ကြီး စောင့်ရှောက်ရေးဂေဟာ မီးလောင် မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်း ရင်းကို စုံစမ်းစစ်ဆေးနေကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားထားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် ဝါဒါ ဒါမိုင် သက်ကြီးစောင့်ရှောက်ရေး ဂေဟာသည် သက်ကြီးပိုင်း ၃၁ ဦး ထိ လက်ခံပေးထားသည့် နေရာ ဖြစ်ကြောင်း သိရသည်။

ဝါဒါဒါမိုင် သက်ကြီးစောင့်ရှောက် ရေးဂေဟာမီးလောင်မှုကို မီးသတ် သမားများက ဒီဇင်ဘာ ၂၈ ရက် မှာပင် ငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ သက်ကြီးစောင့်ရှောက် ရေးဂေဟာမီးလောင်မှုတွင် လူ ၁၅ ဦးကို ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အပိုးဖစ်ဂြိုဟ်သိမ်ကို ခြေရာခံစောင့်ကြည့်ရေးအတွက် ဥရောပနှင့်ဂျပန်တို့ပူးပေါင်း၍ အာကာသယာဉ်တစ်စင်းစေလွှတ်ရန် စီစဉ်ထား



**တိုကျို ဒီဇင်ဘာ ၂၉**

ကမ္ဘာဂြိုဟ်ဘက်သို့ ဦးတည်ပျံသန်းလာသည့် အပိုးဖစ်ဂြိုဟ်သိမ်ကို ခြေရာခံစောင့်ကြည့်ရေးအတွက် ဥရောပနှင့်ဂျပန်တို့ပူးပေါင်း၍ အာကာသယာဉ် တစ်စင်းစေလွှတ်ရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှ တစ်ဆင့် မဖြတ်ကျော်မီ အပိုးဖစ်ဂြိုဟ်သိမ်ကို ခြေရာခံစောင့်ကြည့်ရေးအတွက် ရမ်မဆေးအမည်ရှိ အာကာသယာဉ်ကို ဂျပန်အာကာသအေဂျင်စီနှင့် ဥရောပအာကာသအေဂျင်စီတို့ ပူးပေါင်းလွှတ်တင်မည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ရမ်မဆေးအာကာသယာဉ်ကို ဥရောပ အာကာသအေဂျင်စီက တည်ဆောက်မည်ဖြစ်ပြီး ဂျပန်အာကာသအေဂျင်စီ၏ အိတ်ချ်-၃ ဒုံးပျံဖြင့် ၂၀၂၈ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်သည်။ ထိုသို့ လွှတ်တင်ပြီးနောက် ရမ်မဆေး အာကာသယာဉ်သည် ၂၀၂၉ ခုနှစ် ဖေဖော်ဝါရီလတွင် အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။

ရမ်မဆေး အာကာသယာဉ်သည် အပိုးဖစ်ဂြိုဟ်သိမ် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ မဖြတ်သန်းမီ နှစ်လကြို၍ ၎င်းဂြိုဟ်သိမ်ကို လေ့လာစူးစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်း ၃၇၅ မီတာရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို ကီလိုမီတာ ၃၂၀၀၀ အကွာမှတစ်ဆင့် ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ဆမ်ရန်ဒေသ၌ စပီနိုဆောရစ် ခေါ် ကမ္ဘာဦးသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိ

**ဗန်ကောက် ဒီဇင်ဘာ ၂၉**

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဆမ်ရန်ဒေသ၌ စပီနိုဆောရစ် (Spinosaurid) ခေါ် ကမ္ဘာဦးသက်ရှိတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

စပီနိုဆောရစ်များသည် ကိုယ်ထည်အလျား ၂၅ ပေထိရှိတတ်သည့် အသားစားဒိုင်နိုဆောမျိုးစိတ်တစ်မျိုးဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၅ သန်းခန့်က ရှင်သန်ကျက်စားခဲ့ကြသည့် သက်ရှိများဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဆမ်ရန်ဒေသ၌ တူးဖော်တွေ့ရှိခဲ့သည့် စပီနိုဆောရစ် ကျောက်ဖြစ်ရုပ်ကြွင်းကို Sam Ran Spinosaurid ဟူ၍ ထိုင်းသိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။



ထိုင်းသိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိခဲ့သည့် စပီနိုဆောရစ် ကျောက်ဖြစ်ရုပ်ကြွင်းသည် အာရှတိုက်၌ တူးဖော်တွေ့ရှိခဲ့ဖူးသမျှ အပြည့်စုံဆုံးကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။

Sam Ran Spinosaurid ကျောက်ဖြစ်ရုပ်ကြွင်းကို လေ့လာခြင်းဖြင့် အာရှတိုက်ရှိ စပီနိုဆောရစ်များ ဆင့်ကဲပြောင်းလဲပုံကို လေ့လာရာတွင် အထောက်အကူပြုနိုင်သည်ဟု ထိုင်းသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

စပီနိုဆောရစ်များသည် မြစ်ကြောင်းများအနီး ရှင်သန်ကျက်စား၍ ရေသတ္တဝါများကို ရှာဖွေစားသုံးတတ်ကြသော ခရီတေးစီးယပ်စ်ဘူမိခေတ် သက်ရှိများဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မြေပြင်စခန်းနှင့်အဆက်အသွယ်ပြတ်သွားသော စတားလင့်ခ်ဂြိုဟ်တုတစ်စင်းကို ဗင်တာကုမ္ပဏီ၏ ဂြိုဟ်တုတစ်စင်းက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ပင် ဓာတ်ပုံများအနီးကပ်ရိုက်ကူးပေးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

မြေပြင်စခန်းနှင့် အဆက်အသွယ် ပြတ်တောက်သွားပြီဖြစ်သော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု တစ်စင်းကို အမေရိကန်နိုင်ငံ အခြေစိုက် ဗင်တာကုမ္ပဏီ၏ဂြိုဟ်တုတစ်စင်းက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ပင် ဓာတ်ပုံများ အနီးကပ်ရိုက်ကူးပေးခဲ့သည်ဟု ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီ၏ မေတ္တာရပ်ခံချက်အရ ဗင်တာကုမ္ပဏီသည် ၎င်း၏ World View-3 အမည်ရှိ ဂြိုဟ်တုကိုသုံး၍ အဆိုပါ စတားလင့်ခ်ဂြိုဟ်တုကို ဓာတ်ပုံရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုသည် ဒီဇင်ဘာ ၁၇ ရက်တွင် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ဂြိုဟ်တု၏လောင်စာကန်လည်း ပွင့်ထွက်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

စပေ့အိတ်ကုမ္ပဏီသည် ၎င်း စတားလင့်ခ်ဂြိုဟ်တု၏ အခြေအနေကို အသေးစိတ်သိရှိနိုင်ရေးအတွက် ဗင်တာကုမ္ပဏီ၏ အကူအညီဖြင့် အနီးကပ်ဓာတ်ပုံများ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အထက်ပါ စတားလင့်ခ်ဂြိုဟ်တုသည် ပတ်လမ်းပေါ်မှ တဖြည်းဖြည်းကျဆင်းလျက်ရှိပြီး သီတင်းပတ် အနည်းငယ်အတွင်းမှာပင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်း စပေ့အိတ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဆယ်ကျော်သက်များ ဆေးခြောက်သုံးစွဲမှုက ကျောင်းပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်နိုင်

**နယူးယောက် ဒီဇင်ဘာ ၂၉**

ဆယ်ကျော်သက်များ အနေဖြင့် ဆေးခြောက်ကို တစ်လလျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်မျှ သုံးစွဲခဲ့လျှင်ပင် ကျောင်းပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်သွားနိုင်သည်ဟု သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက်များအနေဖြင့် ဆေးခြောက်ကို မည်သည့်အတိုင်းအဆမျိုးဖြင့် သုံးစွဲသည်ဖြစ်စေ ကျောင်းပညာရေးစွမ်းဆောင်ရည်ကျဆင်းနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ အမေရိကန်နိုင်ငံ၌ အထက်တန်းကျောင်းသားငါးဦးလျှင် တစ်ဦးမှာ ဆေးခြောက်ကို နေ့စဉ် သုံးစွဲနေကြကြောင်း သိရသည်။

ဆေးခြောက်ကို နေ့စဉ်သုံးစွဲမှုကြောင့် ဆယ်ကျော်သက်များအနေဖြင့် ကျောင်းစာကို အာရုံစိုက်နိုင်ရန် ရုန်းကန်ရတတ်ပြီး ၎င်းတို့၏ အနာဂတ်အစီအစဉ်များအပေါ် စိတ်ဝင်စားမှုလည်း ပိုနည်းလာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ဆယ်ကျော်သက်များ အနေဖြင့် ဆေးခြောက်ကို အနည်းငယ်မျှ သုံးစွဲလျှင်ပင် ကျောင်းပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာများ၌ နောက်ဆက်တွဲ ပြဿနာများရှိလာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အသက် ၅၀ အောက် အူမကြီးကင်ဆာလူနာများ၌ နောက်ဆက်တွဲကျန်းမာရေးပြဿနာတစ်မျိုး ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်နေ

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၂၉**

အသက် ၅၀ အောက် အူမကြီးကင်ဆာလူနာများ၌ အူမကြီးကင်ဆာရောဂါ၏ နောက်ဆက်တွဲကျန်းမာရေး ပြဿနာတစ်မျိုး ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။


အူမကြီးကင်ဆာ လူနာများ အနက် ၂၅ ရာခိုင်နှုန်းမှ ၃၉ ရာခိုင်နှုန်းထိတွင် နောက်ဆက်တွဲ ပြဿနာတစ်ရပ် ပေါ်ထွက်လာတတ်ပြီး အူမကြီးကင်ဆာဆဲလ်များသည် အသည်းဆီသို့ ပျံ့နှံ့သွားချိန်တွင် Liver Metastase ခေါ် အဆိုပါ ပြဿနာပေါ်ထွက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာလူနာများအနက် Liver Metastase ဖြစ်ပွားနှုန်း အမြင့်ဆုံးလူနာများမှာ အသက် ၅၀ အောက် အူမကြီးကင်ဆာလူနာများဖြစ်ပြီး အဆိုပါ အူမကြီးကင်ဆာလူနာ ၂၉ ရာခိုင်နှုန်းတွင် Liver Metastases ပြဿနာရှိနေသည်ကို တွေ့ရကြောင်း သိရသည်။

အူမကြီးကင်ဆာရောဂါသည် သာမန်အားဖြင့် သက်ကြီးပိုင်းများ၌ ဖြစ်ပွားတတ်သည့်ရောဂါဖြစ်သော်လည်း နောက်ပိုင်းတွင် လူငယ်များကြားတွင် ဖြစ်ပွားနှုန်း မြင့်တက်လာကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# သွင်းဂိုး ၁၀၀၀ မပြည့်သေးသောကြောင့် အနားယူမည်မဟုတ်ကြောင်း စီရော်နယ်ဒို ကြေညာ

**လစ္စဘွန်း ဒီဇင်ဘာ ၂၉**

ပေါ်တူဂီအသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုက နိုင်ငံအသင်းနှင့် ကလပ်အသင်းတို့တွင် သွင်းဂိုး ၁၀၀၀ မပြည့်သေးသောကြောင့် ကစားသမားဘဝမှ အနားယူမည်မဟုတ်ကြောင်း ကြေညာခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် စုစုပေါင်းသွင်းဂိုး ၉၅၆ ဂိုးထိ သွင်းယူထားပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် ၄၄ ဂိုးသာ လိုအပ်တော့ကြောင်း သိရသည်။

၎င်းသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း ပေါ်တူဂီအသင်းဖော် ကစားသမား ဂျာအိုဖီးလစ်၏ နောက်တွင် သွင်းဂိုး ၁၁ ဂိုးဖြင့် ဒုတိယသွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကာ အယ်လ်အာခါဒွေါအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူပြီးနောက် အယ်နာဆာအသင်းတွင် သွင်းဂိုးအများဆုံး ကစားသမားဖြစ်လာခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် လာမည့်နှစ် ဖေဖော်ဝါရီလတွင် အသက် ၄၁ နှစ် ပြည့်မည်ဖြစ်ပြီး အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးရန် နှစ်နှစ်ကျော် ကျန်ရှိသောကြောင့် သွင်းဂိုး ၁၀၀၀ ပြည့်ရန် ဆက်လက် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် ကစားသမားအနေဖြင့် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားတွင် ပေါ်တူဂီအသင်းနှင့်အတူ ခြောက်ကြိမ်မြောက် ပါဝင်ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- နာပိုလီအသင်းအတွက် စီးရီးအေပြိုင်ပွဲ ၁၂ ပွဲတွင် သွင်းဂိုး ခြောက်ဂိုး သွင်းယူခဲ့သည့် တိုက်စစ်မှူးဟွိုက်လန်းသည် မန်ယူအသင်းတွင် ကစားခဲ့စဉ်က ပွဲကစားချိန် မိနစ် ၂၀၀၀ ကျော်တွင် သွင်းဂိုး လေးဂိုးသာ သွင်းယူခဲ့သည့် ရလဒ်ဆိုးကို ကျော်ဖြတ်နိုင်ခဲ့သည်။
- ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဂါဗီက ဒဏ်ရာမှ အမြန်ဆုံးသက်သာရန် ကြိုးပမ်းနေပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့် ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။
- လိဗ်အသင်းအတွက် ခြောက်ပွဲဆက် ဂိုးသွင်းယူထားသည့် တိုက်စစ်မှူး ကဲဘက်လီဝင်ကို နည်းပြဖာဂီက ပရီးမီးယားလိဂ်၏ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ **ML**

# အာဆီယံယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း တတိယဆုဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် အာဆီယံယူ- ၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် တတိယဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။




အာဆီယံယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်း၊ အိမ်ရှင်ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အုပ်စုပထမပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရာ လေးဂိုး နှစ်ဂိုး၊ အုပ်စုဒုတိယပွဲစဉ်တွင် အိမ်ရှင်ထိုင်းအသင်းနှင့်ကစားခဲ့ရာ လေးဂိုး ဂိုးမရှိ၊ အုပ်စုတတိယ ဗီယက်နမ်အသင်းနှင့်ကစားခဲ့ရာ ငါးဂိုး နှစ်ဂိုးတို့ဖြင့် အသီးသီးရှုံးနိမ့်ခဲ့သည်။

သို့သော် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဘရူနိုင်းအသင်းနှင့် ပွဲစဉ်တွင် ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စုစတုတ္ထနေရာတွင် ရပ်တည်ခဲ့သောကြောင့် အုပ်စုတတိယနေရာတွင် ရပ်တည်ထားသည့် ဗီယက်နမ်အသင်းနှင့် တတိယလုပွဲစဉ်အဖြစ် ကစားခဲ့ရာ ဗီယက်နမ်အသင်းကို အနိုင်ရခဲ့ပြီး တတိယဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အာဆီယံယူ-၁၆ ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး စတင်ကျင်းခဲ့သည့်နှစ်တွင်ပင် မြန်မာ့လက်ရွေးစင်ယူ-၁၆ ဖူဆယ်အသင်းသည် တတိယဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**STA**

# မတူညီသော ဝိတ်တန်းလေးခု၏ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း အိုင်အိုကာက ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်အတွက် မိုင်ကယ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်

**အိုတာ ဒီဇင်ဘာ ၂၉**

မတူညီသော ဝိတ်တန်းလေးခု၏ ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်သူ ဂျပန်လက်ဝှေ့သမား အိုင်အိုကာသည် ဒီဇင်ဘာ ၃၁ ရက်တွင် ဗင်နီဇွဲလားလက်ဝှေ့သမား မိုင်ကယ်နှင့် ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်အတွက် ဂျပန်နိုင်ငံ အိုတာမြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

မကြာသေးမီက WBA စူပါဖလိုင်း ဝိတ်တန်းကမ္ဘာ့ချန်ပီယံကို ဆုံးရှုံးထားသည့် အိုင်အိုကာသည် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့် ရရှိရေးအတွက် မိုင်ကယ်နှင့် ထိုးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အိုင်အိုကာသည် မိုင်ကယ်နှင့် ဘင်တန်ဝိတ်တန်းတွင် ထိုးသတ်မည်ဖြစ်ပြီး အနိုင်ရခဲ့ပါက WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်သွားမည်ဖြစ်သည်။

မတူညီသော ဝိတ်တန်းလေးခုတွင် ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ပြီးနောက် ငါးခုမြောက်ဝိတ်တန်း၌ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အိုင်အိုကာက "ကျွန်တော်ဟာ မတူညီတဲ့ ဝိတ်တန်းလေးခုမှာ ကမ္ဘာ့ချန်ပီယံတစ်ယောက်အနေနဲ့ ရပ်တည်ခွင့် ရခဲ့ပြီးဖြစ်ပါတယ်။ မကြာသေးခင်က WBA စူပါဖလိုင်း ဝိတ်တန်းခါးပတ်ကို ဆုံးရှုံးခဲ့ရတယ်။ အခုတစ်ကြိမ်မှာတော့ ဘင်တန်ဝိတ်တန်းမှာ ထိုးသတ်သွားမှာဖြစ်ပါတယ်။ မတူညီတဲ့ ဝိတ်တန်းငါးခုမှာ ကမ္ဘာ့ချန်ပီယံကို ဆွတ်ခူးခဲ့ဖူးတဲ့ ချန်ပီယံတစ်ယောက်အဖြစ် မှတ်တမ်းကျန်ရစ်စေချင်ပါတယ်။ ဒါ့ကြောင့် နှစ်သစ်ကူးပွဲတော်နေ့အတွက် ကျွန်တော် အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ယုံကြည်မှုအပြည့်ရှိသလို အနိုင်ရအောင် စွမ်းဆောင်နိုင်မယ်လို့လဲ ယုံကြည်ပါတယ်။ ဝိတ်တန်းမြှင့်တင်ရတာ အခက်အခဲတွေရှိလာနိုင်ပေမဲ့လဲ ကျွန်တော် အကောင်းဆုံး လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားကြောင်း သိရခဲ့သည်။

**Ref : Boxing Scene**

**Trs : AZL**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ရန်ကုန်ယူနိုက်အသင်းက Young Lionesses အသင်းကို ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် Young Lionesses အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲစကတည်းက တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာ ပွဲချိန် သုံးမိနစ်နှင့် ခုနစ်မိနစ်တို့တွင် ဇင်မိုးပြည့်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် Young Lionesses အသင်းက ချေပဂိုးများရရှိအတွက် ပြန်လည်ဖိအားပေးကာ ဂိုးပေါက်ကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲချိန် ၈၅ မိနစ်တွင် ရွှန်းလဲ့နိုင်က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြသခဲ့သည့် ဇင်မိုးပြည့်က ဆွတ်ခူးခဲ့သည်။

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ISPE အသင်း နိုင်ပွဲရရှိခဲ့ပြီး ရခိုင်ယူနိုက်တက်နှင့် ရွှေဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းကနိုင်ပွဲရရှိခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် ရွှေဝတီယူနိုက်တက်အသင်းတို့သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ISPE အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်၊ မိနစ် ၄၀၊ မိနစ် ၅၀၊ ၇၆ မိနစ်တို့တွင် စောဆကပေါ်ဆေး၊ ပွဲချိန် ၃၆ မိနစ်တွင် ကောင်းမြတ်ငြိမ်းတို့က သွင်းယူခဲ့ကြပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်နှင့် ၂၈ မိနစ်တို့တွင် ငြိမ်းချမ်းက သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရွှေဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူခဲ့ပြီး ရွှေဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် ဟိန်းထက်အောင်က သွင်းယူခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် သီဟဒီပ အားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ ညနေ၄နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

# Abu Dhabi Open တင်းနစ်ပြိုင်ပွဲတွင် တက်သစ်စ တင်းနစ်မယ်များဖြစ်သည့် အမ်ဘိုကိုနှင့် အဲလက်စ်အီလာတို့ ပါဝင်ယှဉ်ပြိုင်မည်

**ဒူဘိုင်း ဒီဇင်ဘာ ၂၉**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် ကျင်းပမည့် Abu Dhabi Open တင်းနစ်ပြိုင်ပွဲ၌ တက်သစ်စ တင်းနစ်မယ်များ ဖြစ်ကြသည့် အသက် ၁၈ နှစ်ရှိ ကနေဒါတင်းနစ်မယ် အမ်ဘိုကိုနှင့် အသက် ၂၀ နှစ်ရှိ ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်စ်အီလာတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရာသီသစ်တစ်ခု၏ အဓိကပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့အဆင့်ကစားသမား အများအပြား ဝင်ရောက် ယှဉ်ပြိုင်လေ့ရှိသည့် ပြိုင်ပွဲဖြစ်သည်။

အမ်ဘိုကိုနှင့် အဲလက်စ်အီလာတို့သည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီတွင် အတိုးတက်ဆုံး တက်သစ်စ တင်းနစ်မယ်များဖြစ်ကြပြီး ကမ္ဘာ့တင်းနစ်လောကကို သတိပြုမိအောင် အကောင်းဆုံး လက်စွမ်းပြနိုင်သည့် တင်းနစ်မယ်များဖြစ်ကြသည်။

၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွင်း စွမ်းဆောင်ခဲ့သည့် စွမ်းဆောင်ရည်ပိုင်းများကြောင့် ၎င်းတို့နှစ်ဦးလုံး Abu Dhabi Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရခဲ့ခြင်းဖြစ်သည်။

အမ်ဘိုကိုက "၂၀၂၅ ခုနှစ် တင်းနစ်ရာသီမှာ ကမ္ဘာ့အဆင့်(၂၀)အတွင်း ဝင်ရောက်လာနိုင်ခြင်းဟာ ကျွန်မအတွက်တော့ တကယ့်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်ရတဲ့ အခြေအနေပါ။ ကစားသမားဘဝရဲ့ စာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်အတွင်း စွမ်းဆောင်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေကြောင့် Abu Dhabi Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မယ်။ ကစားသမားဘဝမှာ ပထမဆုံးအကြိမ်အနေနဲ့ Abu Dhabi Open တင်းနစ်ပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရမှာဖြစ်တဲ့အတွက်လဲ အရမ်းစိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**
**Trs : AZL**

# TGL Season-2 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Atlanta Drive GC အသင်းက New York Golf Club အသင်းကိုအနိုင်ရရှိ

**ဖလော်ရီဒါ ဒီဇင်ဘာ ၂၉**



အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် TGL Season-2 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေသော Atlanta Drive GC အသင်းက (၆-၄)ရလဒ်ဖြင့် New York Golf Club အသင်းကို အနိုင်ရခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားဟော့စချယ် ဦးဆောင်သည့် Atlanta Drive GC အသင်းတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂျက်စတင်သောမတ်စ်၊ ပက်ထရစ်ကန်တလေ၊ လူကပ်စ်ဂလိုဗာတို့ ပါဝင်ကြသည်။

New York Golf Club အသင်းတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ရှောင်ဖီလီ၊ ဖစ်ဇ်ပက်ထရစ်၊ ရီကီဖောင်လာ၊ ကင်မရွန်းယန်းတို့ ပါဝင်ကြသည်။

အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး(၅-၄)အနေအထားကြောင့် သရေရလဒ် ထွက်ပေါ်နိုင်သော်လည်း ဟော့စချယ်၏ နောက်ဆုံး ရိုက်ချက်ကြောင့် Atlanta Drive GC အသင်းက အနိုင်ရခဲ့သည်။

Atlanta Drive GC အသင်း ကစားသမား ပက်ထရစ်ကန်တလေက "ဒီနေ့ပွဲစဉ်မှာတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်မိပါတယ်။အသင်းအတွက် အပြည့်အဝ မကူညီပေးနိုင်ခဲ့လို့ စိတ်မကောင်းဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် အသင်းအတွက် တတ်နိုင်သလောက် အကောင်းဆုံး ကူညီပေးနိုင်အောင် ကြိုးစားသွားမှာပါ။ နောက်အသင်းနဲ့ ယှဉ်ပြိုင်တဲ့အခါ အသင်းအတွက် အကောင်းဆုံး ကစားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : AZL**

# 2025 Globe Soccer ဆုပေးပွဲတွင် အကောင်းဆုံးကစားသမားဆုကို ဒမ်ဘီလီ ဆွတ်ခူး

**ဒူဘိုင်း ဒီဇင်ဘာ ၂၉**

ဒူဘိုင်း အားကစားကောင်စီက ချီးမြှင့်ပေးအပ်သည့် 2025 Globe Soccer ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပခဲ့ရာ တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီက ဆွတ်ခူးခဲ့ကြောင်း Globesoccer.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Globe Soccer ဆုပေးပွဲ အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမား ဆုပေးပွဲအခမ်းအနားပြီးလျှင် ကစားသမားများအတွက် ခမ်းနားသည့် ဆုပေးပွဲတစ်ခုဖြစ်ပြီး ပထမဆုံးအကြိမ် ကျင်းပခဲ့သည့်နှစ်တွင် အဆိုပါဆုကို စီရော်နယ်ဒိုက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒမ်ဘီလီသည် Globe Soccer ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကို ဗီတင်ဟာ၊ အမ်ဘာက်ပီ၊ ရာဖင်ဟာ၊ လမိုင်းယာမယ်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးခဲ့ကာ ယခုနှစ်တွင်း Globe Soccer တစ်နှစ်တာအကောင်းဆုံး အမျိုးသား ကစားသမားဆုအပြင် 2025 Ballon d'Or ဆုနှင့် ဖီဖာ တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆု စသည့် တစ်ဦးချင်း အဓိကဆု သုံးခုလုံးကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Globe Soccer ဆုပေးပွဲအခမ်းအနားတွင် အခြားဆုများအဖြစ် Globe Soccer တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်၊ တစ်နှစ်တာအကောင်းဆုံး လူငယ် ကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဒူအီ၊ တစ်နှစ်တာအကောင်းဆုံး ကွင်းလယ် ကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာ၊ တစ်နှစ်တာအကောင်းဆုံး တိုက်စစ်ကစားသမားဆုကို ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်၊ တစ်နှစ်တာအကောင်းဆုံး ကလပ်အသင်းဆုကို ပီအက်စ်ဂျီအသင်း၊ တစ်နှစ်တာအကောင်းဆုံး နိုင်ငံအသင်းဆုကို ပေါ်တူဂီအသင်း၊ အရှေ့အလယ်ပိုင်း တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုတို့က အသီးသီး ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

**Ref : Globesoccer.com**
**Trs : STA**

# ရီးရဲလ်မက်ဒရစ်အသင်းမှ မာစတန်တူနီကို ကနဦး အငှားစာချုပ်ဖြင့်ခေါ်ယူရန် နာပိုလီအသင်း ဆွေးနွေးနေ

**ရောမ ဒီဇင်ဘာ ၂၉**

နာပိုလီအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမားမာစတန်တူနီကို အပြီးသတ်ဝယ်ယူခွင့်ပါဝင်သည့် ကနဦး အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ မာစတန်တူနီသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အာဂျင်တီးနားကလပ် ရေးဗား ပလိပ်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ခဲ့သည်။

နာပိုလီအသင်းက ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံဆုအတွက် အားပြိုင်နေရသဖြင့် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် မာစတန်တူနီကို ယခုနှစ်ဘောလုံးရာသီ အကုန်ထိ ကနဦး အငှားစာချုပ်ဖြင့် ခေါ်ယူပြီး ရာသီအကုန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် အပြီးသတ်ဝယ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက တိုက်စစ်ပိုင်းတွင် အဓိက ကစားသမားများ ရှိနေသည့်အတွက် မာစတန်တူနီကို ပွဲကစားခွင့်မပေးနိုင်သောကြောင့် လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် အသင်းတစ်သင်းထံ စေလွှတ်ဖွယ်ရှိနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက မာစတန်တူနီကို အငှားစာချုပ်ဖြင့်သာ စေလွှတ်သွားဖွယ်ရှိနေပြီး အပြီးသတ် မရောင်းချလိုသည့်အတွက် နာပိုလီအသင်းက ရာသီဝက်စာချုပ်ဖြင့်သာ ခေါ်ယူနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# မှတ်တမ်းများထဲက ပျူအနုပညာ

**ကိုဇော်ဌေး(ယဥ်ကျေးမှု)**



ယနေ့ခေတ်ပျူအကကို တွေ့ရစဉ်။

အထက်မြန်မာနိုင်ငံတွင် မြို့ရိုးများကာရံထားသော ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့သည် သမိုင်းတွင် ထင်ရှားသောအထောက်အထားပြည့်စုံသည့် ပျူမြို့ဟောင်းများဖြစ်သည်။ ပျူတို့သည် အိန္ဒိယမြောက်ပိုင်းနှင့် ကုန်းလမ်းအဆက်အသွယ်ရှိကာ တောင်ပိုင်းနှင့် ရေလမ်းအဆက်အသွယ်ရှိသည်။ တရုတ်တောင်ပိုင်းသားကုန်သည်အချို့လည်း ပျူတို့နှင့် စီးပွားရေးအဆက်အသွယ်ရှိကြသည်။ ထို့ကြောင့် ပျူတို့၏ အနုပညာသည်လည်း အိန္ဒိယ၊ တရုတ်တို့နှင့် ကူးလူးဆက်နွယ်မှုရှိခဲ့ကြသည်ဟု ဆိုနိုင်သည်။ ပျူတို့၏ အနုပညာကို အိမ်နီးချင်းနိုင်ငံများက မှတ်တမ်းရေးထိုးခဲ့ကြသည်။ ပျူတို့၏ အနုပညာသမိုင်း၊ တစ်နည်း မြန်မာအနုပညာသမိုင်းအစကို ထိုမှတ်တမ်းများမှ ရရှိခဲ့သည်။

ရှေးဟောင်းသုတေသနဌာနက တူးဖော်ရရှိသည့် ပစ္စည်းများထဲမှ ပျူခေတ်ကြေးရုပ်တုငါးခုတွင် ကနေသောအရုပ်လည်းပါဝင်သည်။ ပျူအကနှင့် စပ်လျဉ်း၍ ထန်မင်းဆက်သမိုင်းသစ်တွင်လည်း စေ့စပ်သေချာစွာဖော်ပြထားကြောင်း တွေ့ရသည်။ ထို့ကြောင့် ပျူအကသည် ပျူခေတ်နှင့်အတူ ဖွံ့ဖြိုးနေရာယူထားနိုင်ခဲ့ကြောင်း သိနိုင်သည်။ ပျူခေတ် မြန်မာသက္ကရာဇ် ၈၀၁ ခုနှစ် နှစ်လယ်ပိုင်းတွင် ပျူဘုရင်သည် သားတော်သုန္ဒဦးဆောင်သော ပျူတေးဂီတအဖွဲ့သည် သရေခေတ္တရာမှ တရုတ်နိုင်ငံသို့ သွားရောက်ဖျော်ဖြေခဲ့သည်။ ထိုအဖွဲ့သည် သရေခေတ္တရာမှထွက်ခွာလာ၍ ခုနစ်လခရီးဆက်ပြီးနောက် မြန်မာသက္ကရာဇ် ၈၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ချန်အန်မြို့သို့ရောက်ခဲ့ကြသည်ကို ထန်မင်းဆက်အုပ်ချုပ်ပုံစာတမ်းတွင် ပျူအနုပညာသည်များ သီဆိုကခုန်ပုံများအား မှတ်တမ်းတင်ထားသည်။

မြန်မာသက္ကရာဇ် ၈၀၂ ခုနှစ်တွင် ပျူဘုရင်ဆက်သလာသည့် တေးသီချင်းကား ၁၂ ပုဒ်ဖြစ်သည်။ သီဆိုသောသီချင်းများမှာ ဗုဒ္ဓဘာသာသုတ်ကျမ်းများမှ ရှင်းလင်းဖော်ပြထားခြင်းပင်ဖြစ်သည်။ ပျူနိုင်ငံသည် ယူနန်အနောက်တောင်ဘက်တွင်ရှိ၍ အိန္ဒိယနှင့်လည်းနီးသဖြင့် ဗုဒ္ဓဘာသာဆိုင်ရာဖော်ပြချက်များ အများအပြားဖော်ပြထားသည်ကို တွေ့ရသည်။ တေးသီချင်းဆိုသောအခါ သံပြိုင်ညီညာစွာ သီဆိုကြသည်။ လက်နှစ်ဖက်ကို ညီညာစွာဖြန့်လိုက် စုလိုက်နှင့် တေးသွားကို စည်းချက်ပေးနေသကဲ့သို့ ရှိသည်။ အသံအနိမ့်အမြင့်ဆိုသည့်အခါ မညီညာမှုကို မတွေ့ရပေ။

တရုတ်ကေရာဇ်၏အမိန့်အရ သံတမန်ခရီးထွက်ခဲ့သော တရုတ်လူမျိုး'ယွန်ကျိ'နှင့်'ယိုရှိမေ'တို့သည်လည်း နန်းစောနိုင်ငံသို့ရောက်သောအခါ ပျူတို့၏ တေးဂီတများကိုရှုစားခဲ့ရသည်။ တရုတ်တို့၏'ချေကျိ' အကကိုလည်း သမိုင်းကျမ်းများ၌ ဖော်ပြထားသည်။ ဂီတကျမ်းပြုစုသူ 'ချဲန်ချန်'က ထန်မင်းဆက်အလယ်ပိုင်း ကိုးရာစုအထွေထွေမှတ်စု၌ ချေကျိအကအကြောင်း ဖော်ပြထားသည်။ ထိုအကသည် ယနေ့ယိမ်းအကများနှင့် ဆင်တူဟန်ရှိသည်။

ကချေသည်တို့သည် ချည်ပိတ်ပါးကို ပခုံးနှစ်ဖက်ပေါ်မှ ချိုင်းကြားအောက်သို့လျှိုလျက် လွှမ်းရုံထားသည်။ ကျောက်မျက်စီခြယ်ထားသော ရွှေလက်ကောက်၊ လက်ကြပ်နှင့် ခြေချင်းများဆင်လျက် ရွှေဦးပေါင်းကို ဆောင်းထားသည်။ လက်ဝဲ၊ လက်ယာနားနှစ်ဖက်တွင် နားဆွဲများဆင်ယင်ထားသည်။ ပန်းများသီကုံးထားသည်။ ဆံထိုးဆံညှပ်နှစ်ခုပါ၍ အမွေးနုဖြင့် တန်ဆာဆင်ထားသည်။ ခရုသင်းမှုတ်လိုက်လျှင် ဘယ်ညာယိမ်းနွဲ့၍ မောင်းတီးလိုက်လျှင် ခြေလက်တစ်ပြိုင်တည်း မြှောက်ချီကပုံများကို တရုတ်မှတ်တမ်းများ၌တွေ့ရသည်။ ယိမ်းကဟန်သဘော၊ နန်းတွင်းအငြိမ့်သဘောများ ဖြစ်ဟန်တူသည်။ ဖုံကိုလွယ်ထားပြီးလျှင် ပေါင်တံကို အပြင်သို့ကွေး၍ ကကာ၊ ခြေဖျားကို ရှေ့သို့ကော့ထားသောပုံများကိုထောက်၍ အကပညာအဆင့်အတန်းမြင့်မားကြောင်း သိနိုင်သည်။ သီချင်း၏ အသံထွက်ကိုလည်း တရုတ်စာလုံးများနှင့်ပင် ရေးပေးထားသည်။ အခန်းတစ်ခန်းကို ကပြမည်ဆိုလျှင် အစီအစဉ်ပြောသူက ရှေးဦးစွာထွက်လာပြီး ကပြမည့် အက၏ အဓိပ္ပာယ်ကို ကြိုတင်ဇာတ်ကြောင်းရှင်းလင်းပြလေသည်။ ဤပုံစံသည် ယနေ့ နိုင်ငံတကာသုံးပုံစံပင်ဖြစ်သည်။ ပျူတို့၏ အစီအစဉ်တင်ဆက်ပုံသည် မြင့်မြင့်မားမားရှိခဲ့ကြောင်း ပြဆိုနေလေသည်။

အစီအစဉ်ကြေညာမှုပြီးဆုံးလျှင် ဖျော်ဖြေမှုဝင်တော့သည်။ တေးဂီတအလိုက် အကပညာသည် နှစ်ဦး သို့မဟုတ် ခြောက်ဦး၊ လေးဦး၊ ရှစ်ဦး၊ ဆယ်ဦး ထိရှိသည်။ အစီအစဉ်တစ်ခု ပြီးဆုံးကြောင်းပြသော် အကပညာသည်များသည် ဦးညွတ်၍ ကန်တော့ကြသည်။ သူတို့၏ တေးသီချင်းအဓိပ္ပာယ်များကို ဘာသာငါးမျိုးဖြင့် အဆင့်ဆင့်ပြန်ဆိုပြီးမှ တရုတ်တို့နားလည်ကြသည်။ ပျူအနုပညာအဖွဲ့တွင် အကပညာရှင်မည်မျှ၊ ဂီတပညာရှင်မည်မျှပါသည်ကို မှတ်တမ်း၌ ဖော်ပြမထားချေ။ ထန်မင်းဆက်သမိုင်းဟောင်း၊ ဘုရင်ကျန်ခေတ်၏ နန်းတွင်းမှတ်တမ်းအကြောင်းတွင် ခရစ်နှစ် ၈၀၂ ဖေဖော်ဝါရီ ၁၃ ရက်၌ ပျူမင်းသည် ယိုရိယိကိုသံတမန်စေလွှတ်၍ နန်းတွင်းလက်ဆောင်များဆက်သသည်။ ထန်မင်းဆက်အုပ်ချုပ်ပုံစာတမ်း၌လည်း တေးသီချင်း ၁၂ ပုဒ်နှင့် အနုပညာသည် ၃၅ ဦးဟုသာ မှတ်တမ်းတင်ထားသည်။ အကပညာရှင်မည်မျှ၊ ဂီတပညာရှင်မည်မျှ၊ အမျိုးသားမည်မျှ၊ အမျိုးသမီးမည်မျှဟု ဖော်ပြမထားသော်လည်း အမျိုးသမီးအနုပညာသည်များလည်းပါဝင်မည်ဟု ခန့်မှန်းရသည်။ မှတ်တမ်းတွင် အကပညာရှင်တို့၏ဆင်ယင်ပုံကို ဖော်ပြထားသည်။

တေးသီချင်း ၁၂ ပုဒ်တွင် ပထမတေးအမည်မှာ ဗုဒ္ဓ၏တံဆိပ်တော်ဖြစ်သည်။ ယခုခေတ် ဖျော်ဖြေရေးပုံစံနှင့်နှိုင်းယှဥ်ကြည့်ပါက 'ဘုရားကန်တော့ခန်း' ပင်ဖြစ်နိုင်သည်။ ဒုတိယမှာ 'လဲ့ပန်း' ချီးမွမ်းခန်းဖြစ်သည်။ တတိယတေးမှာ 'ခိုဖြူ'ဖြစ်သည်။ ပျံသန်းနားနေနိုင်သည်ကို ချီးမွမ်းခြင်းဖြစ်သည်။ စတုတ္ထတေးမှာ 'ကြိုးကြာငှက်လှည့်လည်ခြင်း'ဖြစ်သည်။ မိုးကောင်းကင်အထက်သို့ရောက်နိုင်၍ မြေကြီးပေါ်တွင်လျှောက်သောအခါ နှေးကွေးစွာခြေလှမ်းသည်ကို ဖွဲ့ဆိုထားသည်။

ပဥ္စမတေးမှာ 'ငှေ့နေသောဆိတ်၏ အောင်မြင်ခြင်း'ဖြစ်သည်။ အားနည်းသည့်အကောင်က တောထဲသို့ဝင်သွားသည်ကို ဆိုလိုခြင်းဖြစ်သည်။ ဆဋ္ဌမတေးမှာ ကြိုးတစ်ချောင်းတည်းဖြစ်သော်လည်း သံစဉ်ငါးမျိုးပြည့်စုံသကဲ့သို့ ဘုရင်၏ ပါရမီတစ်ပါးတည်းဖြင့် နိုင်ငံအပြည်ပြည်ကို ထောက်ပံ့နိုင်သည်ဟု ဆိုလိုရင်းကို ဖွဲ့ဆိုထားသော တေးသီချင်းဖြစ်သည်။ သတ္တမတေးမှာ 'စျာန်ဝင်စားခြင်း'ဖြစ်သည်။ လောကီအရာရာကို စွန့်လွှတ်ခြင်းဖြင့် ဆိတ်ငြိမ်အေးချမ်းမှုကို ရယူနိုင်မည်ဟုဆိုခြင်းဖြစ်သည်။

အဋ္ဌမတေးမှာ 'ကြံမင်း'ဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရားက လူသတ္တဝါများကို ဆုံးမသောစကားသည် ကြံ၏အရာသာကဲ့သို့ ချိုမြိန်၍ လူတိုင်းနှစ်သက်သည်ဟု ဆိုထားသည်။ နဝမတေးမှာ 'ဒေါင်းမင်း'ဖြစ်သည်။ ဒေါင်း၏အမွေးအတောင်များလှပပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဒသမတေးမှာ 'တောငန်း၊ ဟင်္သာ'ဖြစ်သည်။ ပျံသန်းသည့်အခါဖြစ်စေ၊ နားသည့်အခါဖြစ်စေ အမြဲတူစုံတွဲ၍အဖော်များနှင့် တစုတရုံးတည်းရှိတတ်သည့်သဘောကို ဖွဲ့ဆိုပြထားသည်။

ဧကာဒသမသီချင်းအမည်မှာ 'စားသောက်ပွဲတေးဂီတ'ဖြစ်သည်။ သာယာအေးချမ်းစွာနှင့် စားသောက်ပွဲကလည်း ချိုမြိန်ကောင်းမွန်ကြောင်း

**❖ ပျူသံအဖွဲ့နှင့်အတူပါလာသော အနုပညာအဖွဲ့သည် ထန်မင်းနေပြည်တော် ချန်အန်သို့သွားလာသောလမ်းခရီး၌ လေ့ကျင့်နေကြသည်ကို တရုတ်ဂီတသိပ္ပံဌာနမှ ပုဂ္ဂိုလ်တစ်ဦးက တွေ့မြင်သွားသဖြင့် ပျူဂီတတေးကွက်တို့ကို သင်္ကေတနှင့်မှတ်ယူကာ တရုတ်သို့ပြန်၍ တရုတ်နန်းတွင်းဂီတပညာရှင်များကို လေ့ကျင့်သင်ပေးသဖြင့် ပျူအဖွဲ့မရောက်မီ ပျူဂီတတို့ကို တီးမှုတ်နိုင်ခဲ့သည်ဟု သိရသည်။ အဆိုပညာ၊ အကပညာ၊ အတီးပညာမြင့်မားသော ပျူတို့၏အနုပညာကို တရုတ်သမိုင်းများ၌ ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။ ❖**

သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဒွါဒသမတေးမှာ 'စိုးရိမ်ကြောင့်ကြမှုကို ဖယ်ရှားခြင်း'ဖြစ်သည်။ ချည်ချောင်းအကဟုလည်း ခေါ်တွင်သည်။ ဤတေးကို သီဆိုပါက စိတ်လက်ရွှင်မြူးပြီး စိုးရိမ်ကြောင့်ကြမှုကင်းဝေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ပျူအနုပညာအဖွဲ့သည် မြန်မာသက္ကရာဇ် ၈၀၁ ခုနှစ် နို့ဝင်ဘာလတွင် တရုတ်နိုင်ငံ ချင်တူမြို့သို့ ရောက်ခဲ့ကြကာ ဖျော်ဖြေမှုများဆောင်ရွက်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၈၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၌ ထန်မင်းဆက်နန်းတော်သို့ ရောက်ခဲ့ကြသည်။ ထို့အတူ ထန်မင်းနေပြည်တော်၌ ဖျော်ဖြေခဲ့ကြသည်။ တေးသီချင်းတစ်ပုဒ်လျှင် အကတစ်မျိုးဖြစ်၍ အကအစီအစဉ်သည်လည်း ၁၂ မျိုးရှိသည်။ ပျူသံအဖွဲ့နှင့်အတူပါလာသော အနုပညာအဖွဲ့သည် ထန်မင်းနေပြည်တော် ချန်အန်သို့သွားလာသောလမ်းခရီး၌ လေ့ကျင့်နေကြသည်ကို တရုတ်ဂီတသိပ္ပံဌာနမှ ပုဂ္ဂိုလ်တစ်ဦးက တွေ့မြင်သွားသဖြင့် ပျူဂီတတေးကွက်တို့ကို သင်္ကေတနှင့်မှတ်ယူကာ တရုတ်သို့ပြန်၍ တရုတ်နန်းတွင်းဂီတပညာရှင်များကို လေ့ကျင့်သင်ပေးသဖြင့် ပျူအဖွဲ့မရောက်မီ ပျူဂီတတို့ကို တီးမှုတ်နိုင်ခဲ့သည်ဟု သိရသည်။

အဆိုပညာ၊အကပညာ၊အတီးပညာမြင့်မားသော ပျူတို့၏ အနုပညာကို တရုတ်သမိုင်းများ၌ ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။ ပြည်တွင်း၌မူ ပျူတို့၏ ကခုန်နေသော ရုပ်တုရုပ်ကြွများကိုကြည့်ကာ အနုပညာအဆင့်အတန်းကို အကဲဖြတ်ကြသည်။ သရေခေတ္တရာ၌ ၅ ရာစုမှ ၉ ရာစုထိ သဘင်ပညာရပ်များထွန်းကားလာခဲ့ဟန်တူသည်။ ပြည်နှင့်မှော်ဇာအရပ်မှတွေ့ရှိရသော တစ်ကြောင်းဆွဲအုတ်ကြွရုပ်တုတစ်ခု၌ လူသုံးယောက်ကခုန်နေဟန်ကို တွေ့ရသည်။ ထိုမှော်ဇာအုတ်ကြွပုံ၏ လက်ယာဘက်တွင် လူနှစ်ဦးအနက် လက်ဝဲဘက်အမျိုးသားက လက်ယာအမျိုးသမီး၏လည်ပင်းကိုဖက်၍ ကခုန်နေဟန်ရှိလေသည် ဝတ်စားဆင်ယင်ပုံမှာ အိန္ဒိယဆန်၍ အိန္ဒိယတောင်ပိုင်းယဥ်ကျေးမှုနှင့်မကင်းပေ။ အကပညာနှင့်ပတ်သက်၍ အစောဆုံးတွေ့ရသည့် အထောက်အထားများလည်းဖြစ်သည်။

သရေခေတ္တရာ၌ စုံတွဲအကများထွန်းကားနေစဉ် သထုံ၊ပဲခူး စသောဒေသများမှတူးဖော်ရသောစဥ့်ကွင်းများအရ ဒိုးပတ်အကနှင့်ဆင်တူသော ဗုံအကများလည်း ရှိနေနိုင်သည်။ ဤအချက်အလက်များအရ ပျူအက၊ ပျူအနုပညာသည် အဆင့်အတန်းမြင့်စွာဖြင့် ယနေ့မြန်မာ့ဇာတ်သဘင်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ရှေ့ပြေးများပင်ဖြစ်သည်ဟု ဆိုဝံ့ပါတော့သည်။

**ကိုးကား**

- မြန်မာဇာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထုတ်)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# Avatar : Fire and Ash ဇာတ်ကား
# ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ထိ ရှိလာ




**နယူးယောက် ဒီဇင်ဘာ ၂၉**

Avatar : Fire and Ash ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ ဒီဇင်ဘာ ၂၈ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ထိ ရှိလာကြောင်း သိရသည်။

Avatar : Fire and Ash ဇာတ်ကားသည် ခရစ္စမတ်နေ့ဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက် တစ်ရက်တည်းတွင် နိုင်ငံတကာနှင့် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိခဲ့ပြီးနောက် ဒီဇင်ဘာ ၂၈ ရက်တွင် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Avatar : Fire and Ash ဇာတ်ကားကို ဒီဇင်ဘာ ၁၈ ရက်တွင် ၂၀ ရာစုရုပ်ရှင်ကုမ္ပဏီက စတင်ရုံတင် ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Avatar : Fire and Ash ဇာတ်ကားသည် Avatar ဇာတ်ကားတွဲများ၏ တတိယ Avatar ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ Avatar : Fire and Ash ဇာတ်ကားသည် ယခင်ရုံတင်ပြသခဲ့သည့် Avatar ဇာတ်ကားနှစ်ကားကဲ့သို့ပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက် ရှိသည့် ဇာတ်ကား ဖြစ်လာနိုင်ကြောင်း သိရသည်။

ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်ကပင် တာဝန်ယူရိုက်ကူးပေးထားသည့် Avatar : Fire and Ash ဇာတ်ကားတွင် မင်းသမီး ဇိုးဆယ်ဒါနာ၊ ဆစ်ဂေါ်နီဝေဗာ၊ မင်းသား ဆန်ဝေါသင်တန်နှင့် စတီဖန်လန့်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Amazon MGM ၏ Spaceballs-2
# ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုပြီးဆုံး

**နယူးယောက် ဒီဇင်ဘာ ၂၉**

Amazon MGM စတူဒီယို၏ Spaceballs-2 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၈ ရက်သတင်းများအရ သိရသည်။

Spaceballs-2 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးမှုကို အဆိုပါဇာတ်ကား၌ပါဝင်သရုပ်ဆောင်ထားသည့် မင်းသားလူးဝစ်ပူးမန်းက အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Spaceballs-2 ဇာတ်ကားသည် Spaceball(1987) သိပ္ပံဟာသဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Spaceballs-2 ဇာတ်ကားကို ဒါရိုက်တာ ဂျို့ရှ်ဂရင်းဘန်းက တာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘန်ဂျီစမစ်နှင့် ဒန်းဟာနန်ဒက်တို့က ရေးသားပေးထားကြောင်း သိရသည်။

Spaceballs-2 ဇာတ်ကားတွင် မင်းသား လူးဝစ်ပူးမန်းနှင့်အတူ မင်းသား မဲဘရွေ့ခ်၊ ရစ်မိုရာနစ်၊ မင်းသမီး ဒက်ဖနီဇူနီဂါနှင့် ကီကီပယ်မားတို့ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ဇာတ်ကားကို ၂၀၂၇ ခုနှစ်အတွင်း ရုံတင်ပြသရန် Amazon MGM ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိ တို့သီဆိုဖျော်ဖြေမည့် သူငယ်ချင်းသုံးဖော် တေးဂီတဖျော်ဖြေပွဲနှင့်
# New Year 2026 Countdown ပွဲကို Pan Pacific Yangon Hotel တွင် ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့ သီဆိုဖျော်ဖြေမည့် သူငယ်ချင်းသုံးဖော်တေးဂီတဖျော်ဖြေပွဲနှင့် New Year 2026 Count-down ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Pan Pacific Yangon Hotel ၌ ဒီဇင်ဘာ ၃၁ ရက်ညတွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် မေခလာထံမှ သိရသည်။

အဆိုပါ သူငယ်ချင်းသုံးဖော်တေးဂီတဖျော်ဖြေပွဲနှင့် New Year 2026 Countdown ပွဲကြီးကို 1stThe First Entertainment က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့၏သီဆိုဖျော်ဖြေမှုများကို Succe-ss Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။




"ချစ်ငယ်နဲ့ သုံးယောက်အတူတူ ၂၀၂၅ ခုနှစ်ရဲ့ နောက်ဆုံးညချမ်းလေးကို အမှတ်တရတွေအပြည့်နဲ့ ဖြတ်သန်းဖို့ အစီအစဉ်ရှိတယ်ဆိုရင် လာခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ၂၀၂၅ ခုနှစ်ရဲ့ နောက်ဆုံးညချမ်းလေးကို နှုတ်ဆက်ပြီး Countdown ရေတွက်ကြရင်း ၂၀၂၆ နှစ်သစ်ကို အတူတူကြိုကြမယ်နော်"ဟု တေးသံရှင် မေခလာက ပြောပြသည်။

တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့ သီဆိုဖျော်ဖြေမည့် သူငယ်ချင်းသုံးဖော်တေးဂီတဖျော်ဖြေပွဲနှင့် New Year 2026 Count-down ပွဲကို Pan Pacific Yangon Hotel ရှိ Pacific ballroom ၌ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ဒစ္စနီး၏ Star Wars : Starfighter
# ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများပြီးဆုံးပြီဖြစ်

**နယူးယောက် ဒီဇင်ဘာ ၂၉**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Star Wars : Starfighter ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၈ ရက်သတင်းများအရ သိရသည်။

Star Wars : Starfighter ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးမှုကို ဒါရိုက်တာ ရှန်းလီဗီက ၎င်း၏ အင်စတာဂရမ် စာမျက်နှာပေါ်တွင် ရေးသားအတည်ပြုထားကြောင်း သိရသည်။

ဒါရိုက်တာ ရှန်းလီဗီသည် Star Wars : Starfighter ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် စက်တင်ဘာလအတွင်းစတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Star Wars: Starfighter ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးပေ။

အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်း၊ မက်စမစ်နှင့် မင်းသမီး မိုင်ရာဂိုတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Star Wars : Starfighter ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၂၈ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီးကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# ရန်သူနှင့်တူသော ချစ်ဇနီး ဇာတ်လမ်းတွဲ မီဒီယာမိတ်ဆက်ပွဲ အခမ်းအနားပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

TooTo TV Application က ရိုက်ကူးထုတ်လုပ်မည့် ရန်သူနှင့်တူသော ချစ်ဇနီး ဇာတ်လမ်းတွဲ မီဒီယာမိတ်ဆက်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Chinese 47 စားသောက်ဆိုင်၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် အောင်ရေချမ်းထံမှ သိရသည်။

အဆိုပါ ရန်သူနှင့်တူသော ချစ်ဇနီး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဟေဇယ်က ရေးသားထားပြီး ဒါရိုက်တာ ကျော်နိုင်းဆီက Too-To TV Application အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကာ အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း ၁၆ ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်သူနှင့်တူသော ချစ်ဇနီး နာမည်လေးက တော်တော်လေးလဲ ဆန်းပါတယ်။ တကယ်တော့ ဇနီးမောင်နှံဆိုတာက ချစ်လို့ယူကြတာပဲလေ။ ယူပြီးမှ ရန်သူတွေဖြစ်သွားတာလဲ အများကြီးပါပဲ။ အဲဒီလိုလဲ ပြောလို့ရတယ်။ အရင်က ချစ်လို့၊ မခွဲနိုင်လို့ ယူကြတယ်။ နောက်ပိုင်း ရန်သူနဲ့တူတဲ့ ချစ်ဇနီးဆိုတော့လေ။ အပြင်မှာလဲ ဒီလိုလူမျိုးတွေဆိုတာ ရှိနိုင်ပါတယ်။ ဇာတ်လမ်းတွဲလေး ထုတ်လွှင့်ရင်လဲ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု အဆိုပါ ရန်သူနှင့်တူသော ချစ်ဇနီး ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် အောင်ရေချမ်းက ပြောပြသည်။

ရန်သူနှင့်တူသော ချစ်ဇနီး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ရေချမ်း၊ နေရှိုင်း၊ ကိုဇော်၊ သံသာမိုးသိမ့်၊ နေနေ၊ ဘောဘီမောင်၊ ခြယ်ခြယ်၊ သီဂီမြင့်၊ ညီရွှေရည်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Delegation led by Deputy Chairman of the State Duma, Federal Assembly of the Russian Federation pays courtesy call on Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing


Senior General Min Aung Hlaing receives the delegation led by H.E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma, Federal Assembly of the Russian Federation.


**Nay Pyi Taw December 29**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing received a delegation led by H.E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma, Federal Assembly of the Russian Federation, who had observed the multiparty democracy general election in Myanmar, at the parlour of Bayintnaung Villa, here this afternoon.

Also present at the call together with the Senior General were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe, Union Minister for Finance and Revenue Dr Kan Zaw and officials, the State Duma deputy chair was accompanied by Ambassador of Russian Federation to Myanmar H.E. Mr. Iskander Azizov and members of the delegation.

At the call, views on the observance of the election held in Myanmar by the State Duma deputy chair together with members of international monitoring teams, his eyewitness account of the election in which voters were actively and independently casting votes, positive opportunities for national development through qualified persons chosen at the election, holding of the election phase by phase in the remaining parts of the country, Myanmar's political developments, improving friendship and cooperation between the two countries, further promotion of bilateral cooperation in defence, economic, science and technological, educational, legal, and cultural sectors and between parliaments of the two countries were cordially exchanged.

After the call, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and the State Duma deputy chair exchanged commemorative gifts and posed for documentary photos together with the attendees. 100


Senior General Min Aung Hlaing shakes hands with H.E. Mr. Sholban Kara-Ool.

# Ridged gourd trading booming in domestic market in Myanaung Township

**Myanaung December 29**

Ridged gourd is in high demand at the domestic market in Myanaung Township of Ayeyawady Region, said Daw Swe Swe, the owner of green grocery wholesale owner in Myanaung Township.

In Myanaung Township, locally produced ridge gourd has been traded at vegetable wholesale markets since the second week of December this year and continues up to the present. Purchases have increased to between 35,000 and 55,000 pieces per day, resulting in brisk trading. It is reported that ridge gourd is currently selling at prices of up to K27,000 per 100 pieces.

"Ridge gourds produced here are seeing strong demand from other townships. At present, daily trading volume has reached up to 55,000 pieces. Ridge gourd is a local product of Myanaung Township, and the gourds currently being traded are of good quality. As a locally produced crop, they are affordable, clean, and fresh for consumers. Buyers from other regions are actively purchasing ridge gourds from this wholesale market. With rising demand for locally produced ridge gourd, vegetable farmers are finding better opportunities," said Daw Swe Swe.

It is also reported that Myanaung Township is currently in the peak season for locally produced seasonal vegetables, including ridge gourd. Due to strong demand and active sales, preparations are being made to expand cultivation. As only locally produced goods are being sold, transportation costs are lower, and trading focuses on fresh produce, bringing added benefits to farmers and traders. Kyaw Kyaw Lin


Ridged gourds seen at a local market.

# Merchants supply many viss of hilsa to Yangon market in November

**Pyapon December 29**

Fishery merchants from Pyapon Township of Ayeyawady Region sold a large volume of hilsa to Yangon market in November, said Daw Cherry, the owner of fishery product trading commodity in Pyapon Township.

Hilsa fish from Pyapon Township were exported and sold to the Yangon market, with shipments reaching only 50,000 viss in October this year, while exports increased to 65,000 viss during the period from November 1 to 30. It is learned that hilsa from the area are seeing strong demand in the Yangon market.

"We regularly and smoothly transport locally produced seafood to Yangon. Yangon is a major market for hilsa. Over the past month, we were able to export and sell up to 65,000 viss of hilsa. Prices of the exported hilsa vary depending on freshness, size, and weight. At present, hilsa purchases remain strong. Hilsa shipped from here are resold not only in local markets but also to other regions," said Daw Cherry.

Hilsa exported from Pyapon Township were reportedly priced based on size, with small hilsa at K21,500 per viss, medium-sized hilsa at between K26,000 and K285,000 per viss, and large hilsa ranging from K55,000 to K75,000 per viss, depending on size and weight. Kyaw Kyaw Lin

# Phase 1 of multiparty democratic general election 2025 held successfully through cooperation of the people who aspire to the democracy amid destructive activities of terrorist groups


Damage seen after an attack by a terrorist saboteur insurgent group, which fired short-range rockets into Shwe Taung Ward and Mingalar Ward, Loikaw City, Kayah State.


Explosion caused by locally made improvised mines planted by a terrorist saboteur insurgent group, near the Myanmar–Thailand Friendship Bridge No. (2) in Ward No. (5), Myawady Town, Kayin State, as observed.


Civilians seen injured following an attack by a terrorist saboteur insurgent group, which fired improvised short-range rockets at the the Nationality Youth Resource Development Degree College in Sagaing City, Sagaing Region.


Damage to houses observed after a drop-bomb attack by a terrorist saboteur insurgent group, near Polling Station No. (3) at Basic Education High School No. (2) in Saw Bwar (1) Ward, Tamu Town, Sagaing Region.


An attack observed in which a terrorist saboteur insurgent group harassed and opened fire with small arms, near Polling Station No. (64) at Basic Education Primary School (Pyun), Zone No. (9), Nyaung-U Township, Mandalay Region.

**Nay Pyi Taw December 29**

As elections are of utmost importance in a democratic system, voters must exercise their right to vote as a fundamental citizen's right to decide the future course of the nation. The Republic of the Union of Myanmar held Phase 1 of the multiparty democratic general election 2025 successfully on 28 December.

In phase 1 of the election, voters cast their ballots freely and independently at polling stations from 6 am until the polls closed across 102 townships nationwide without any form of pressure. Everyone witnessed that citizens exercised their voting rights actively, orderly, and proudly, reflecting their commitment as responsible citizens of the nation.

At the time when the government and the people were choosing the democratic path, armed terrorist groups continued to pursue violent agendas. They aimed to disrupt the phase 1 of the election in certain areas, prevent eligible voters from reaching polling stations, destroy polling places, and intimidate voters, using direct or indirect means with malicious intent. These included shooting with firearms and rocket launchers, detonating sound mines, blocking or restricting transport to polling stations, sending threatening messages, as well as dropping bombs with drones, attacks by fixed-wing aircraft, and spreading false information.

In this regard, those armed terrorists committed blowing up a homemade sound mine at polling station No 82 at No 11 Basic Education Hig School in Shwenyaungbin Ward of Myitkyina, Kachin State, on 28 December when the multiparty democratic general election was held. Likewise, the armed terrorists fired 107mm homemade rockets to Shwetaung and Mingala wards of Loikaw in Kayah State, blew up homemade mines near Kanbawza Bank in Ward 3 of Myawady and near No 2 Myanmar-Thai friendship bridge in Ward 5, and launched a fixed wing to the Taninthayi Region government office, blocked 170 oil palm farm workers of the Maran nursery of Yuzana palm oil company to the polling station in Aungchantha Village-tract of Khamaukkyi.

Moreover, the terrorists committed attacks on No 2 polling station in Ward 3 of Shwebo in Sagaing Region with dropped bombs, attacked the Nationality Youth Resource Development Degree College in Sagaing with six handmade rockets, dropped bombs near No 3 polling station at No 2 BEHS in Sawbwa Ward 1 in Tamu, disturbed Katha from northern and southern parts with the use of small arms, launched 107mm rockets to Nantawkyun Village in Madaya Township and Aungmyaythazan Township of Mandalay Region, dropped bombs near the General Administration Department, the court and the road to the prison in Myingyan, and opened fire to polling station No 64 at BEPS (Pyun) in Zone 9 of NyaungU with the use of small arms from 27 to the evening of 28 December. They committed disturbances in 11 townships of 102 constituencies in the phase 1 of the election. In the incidents, five people suffered minor injuries.

Despite disruptions and threats, phase 1 of the election was held across all 102 townships. Voters who believe in the democratic system and fully support the government's election management began waiting at polling stations from 5:30 am on 28 December. The polling stations opened simultaneously at 6 am, and eligible voters continued casting their ballots in an orderly manner until the official closing time at 4 pm, as well as afterward for those still present inside the polling stations. The phase 1 of the election was conducted in 102 townships at 5.30 pm successfully.

Terrorist and insurgent groups committed a total of 54 acts of disruption and destruction in 41 townships during the pre-election period. These incidents included 23 cases of distributing or posting false propaganda, agitation, hanging posters, shouting or swearing at people to prevent them from voting, using sound boxes to discourage voting, and destroying educational billboards and posters. Additionally, there were 4 instances of firing at polling station security forces, 6 drone bomb attacks, 2 incidents involving handmade audio mines, 6 attacks using grenades or handmade mines, and 3 attacks involving rockets. He also noted that armed threats were made against departmental government officials and election candidates 3 times, while 6 individuals were forcibly taken away.

Regardless of how terrorist groups and insurgent factions attempted to derail the electoral process or how fugitive media outlets broadcasted false and defamatory information to undermine the democratic transition, the first phase of the Multi-party Democracy General Election was successfully conducted in a free, fair, and transparent manner before international observers, diplomats, and the media.

Therefore, in the upcoming second and third phases of the election, the government, security forces, and administrative authorities must strive even harder to ensure that voters do not lose their rights and can cast their ballots with full security. Myawaddy TV urges responsible citizens who welcome democracy and desire nationwide stability and development to cooperate with officials by reporting any terrorist movements or suspicious activities to ensure a smooth transition to a multi-party democratic system through peaceful means.

# 519 illegal buildings used in online fraud and gambling operations in KK Park area systematically demolished

# Items used in such illegal activities continuing to be destroyed by burning

Illegally constructed four-storey residential building in KK Park Area, Section (3).



Before demolition.



After demolition.

**Nay Pyi Taw December 29**

The Government of Myanmar is carrying out coordinated operations involving security forces, administrative bodies, and local authorities to clear illegal buildings in the Shwe Kokko area and the KK Park area, where online fraud and gambling activities have been most heavily based. These operations include raiding illegal structures and systematically demolishing confiscated illegal buildings, as well as destroying seized equipment used in online fraud and gambling. It is reported that four additional illegal buildings in the KK Park area were demolished today.

Today, in Myawady–Maehtawthalay (KK Park) Section (3), one four-storey illegal building and three two-storey illegal buildings—four buildings in total—that had been used for online fraud and gambling activities were demolished. As a result, 519 out of a total of 635 illegal buildings in the KK Park area have now been systematically demolished.

In addition, among the illegal buildings in the KK Park area that had already been demolished using heavy machinery, further destruction using controlled explosive methods has been carried out since December 14 to ensure complete demolition. As of today, five additional two-storey buildings have been fully destroyed, bringing the total number of buildings completely demolished to 71.

Furthermore, equipment used in online fraud and gambling activities in the KK Park and Shwe Kokko areas was again systematically destroyed by burning today to prevent any further reuse. It is also reported that the Government, regarding the crackdown on online fraud and gambling as a national duty, will continue its efforts—working not only with domestic forces but also in coordination with neighbouring countries' governments—to ensure that such activities cannot take root anywhere in Myanmar. 100



Documentary photograph of the burning and destruction of illegal items in the KK Park area.

## Chinese researchers establish new model to predict human organ aging

**Beijing December 29**

A team of Chinese researchers has recently developed a model to predict the aging of 13 human organs, including the brain, enabling precise assessment of organ aging levels, the China Science Daily reported on Monday.

Previous research focused mainly on the common features of overall aging or explored only the aging mechanisms of isolated organs, making it difficult to decipher the distinct genetic patterns and molecular pathways associated with the aging of different organs. This has hindered our deeper understanding of the nature of aging, and restricted the development and implementation of precise anti-aging strategies.

The research team, led by Yang Tielin from Xi'an Jiaotong University, conducted a genome-wide association analysis that identified 119 genetic loci associated with organ aging. Among them, only 27 were found to be associated with aging across multiple organs, confirming that the genetic regulation of aging is very different across organs in the human body.

The study selected and identified 554 organ-aging risk genes, which exhibit functions highly consistent with the physiological characteristics of their respective organs, revealing the core molecular mechanisms behind the aging process of each organ.

The new model demonstrates robust and accurate predictive capabilities for assessing organ-aging status across diverse populations, laying a foundation for future mechanistic research and clinical applications.

Xinhua

## S. Korea's presidential office moves back to Blue House

**Seoul December 29**

At midnight Sunday local time, the "Phoenix Flag," a symbol of South Korea's presidency, was raised at Cheong Wa Dae, which is widely known as the Blue House, after a hiatus of three years and seven months.

The raising of the "Phoenix Flag" at Cheong Wa Dae is widely interpreted as the basic completion of the relocation of the presidential office back to the historic complex, local media reported.

The presidential office said earlier on Sunday that President Lee Jae Myung will make his first visit to the Blue House to begin working there on Monday.

Since 1948, Cheong Wa Dae has served as both the official residence and office for almost every South Korean president. However, after taking office in May 2022, former President Yoon Suk-yeol relocated the presidential office to a newly established compound at the former Ministry of National Defense building in Seoul's Yongsan district, opening the Blue House to the public.

In June this year, the incumbent President Lee announced plans to move the presidential office back to Cheong Wa Dae.

The vehicle carrying South Korean President Lee Jae-myung arrives in Cheong Wa Dae in Seoul, South Korea, Dec. 29, 2025. At midnight Sunday local time, the "Phoenix Flag," a symbol of South Korea's presidency, was raised at Cheong Wa Dae, which is widely known as the Blue House, after a hiatus of three years and seven months.

The raising of the "Phoenix Flag" at Cheong Wa Dae is widely interpreted as the basic completion of the relocation of the presidential office back to the historic complex, local media reported. Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်းစုစုပေါင်း ၉၆၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း စုစုပေါင်း ၉၆၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း စုစုပေါင်းဧက ၁၁၈၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်း ၅၃၈ ဧက၊ ပန်းနှမ်း ၃၄၅၄ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ဆီမုန်ညင်း ၃၃၅ ဧက၊ ပန်းနှမ်း ၅၃၁၅ ဧက စုစုပေါင်း ၉၆၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်း စုစုပေါင်းဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဆီမုန်ညင်းနဲ့ပန်းနှမ်း စုစုပေါင်းဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်း ၅၆၃ ဧက၊ ပန်းနှမ်း ၅၅၅၈ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ဆီမုန်ညင်း ၃၅၇ ဧက၊ ပန်းနှမ်း ၅၃၄၂ စုစုပေါင်းဧက ၁၁၈၂၀ ဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့်ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့်ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှ စတင်၍ ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ထက် တော်တော်လေး အရောင်းအဝယ်ကောင်းလာပါတယ်။ ဒေသတွင်း စားသုံးမှု များလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ စားတော်ပဲတွေက ပဲအဟောင်းတွေပါ။ စားတော်ပဲတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးသူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာတာ တွေ့ရပါတယ်။ လက်ရှိ ဒေသထွက်စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုကောင်းနေပါတယ်"ဟု မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



မအူပင်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် စားတော်ပဲများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ခန္တီးမြို့နယ် စိန်နန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ခန္တီး ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နန်းကျေးရွာအုပ်စု စိန်နန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက စိန်နန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် မြေသား တစ်ပေနှင့် ချင်းကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၂၈ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက စိန်နန်းကျေးရွာမှ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**




# ဝေါမြို့နယ် မှုံကတုံးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး



ဝေါ ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မှုံကတုံးကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မှုံကတုံးကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင် အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေ အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက မှုံကတုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးအတွက် ကျေးရွာမတည်စီမံကိန်း(VRFP)ရန်ပုံငွေကျပ်သိန်း ၃၈ ဒသမ ၆၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Oolတို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုကို နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ လေ့လာခဲ့ရမှုနှင့်မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်တက်ကြွစွာဖြင့် ဆန္ဒမဲများပေးနေမှုကို မျက်မြင်တွေ့ရှိခဲ့ရမှု အခြေအနေများ၊ ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်ကျန်ရှိနေသည့် မြို့နယ်များကို အပိုင်းအလိုက် ဆက်လက်ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ဥပဒေရေးရာကဏ္ဍ၊ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂၀၂၅)ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်၊တိုင်းဒေသကြီး၊ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုသည် နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှုများနှင့်အတူ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲလာနေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုအညွှန်းကိန်း(Global Terrorism Index-GTI) အစီရင်ခံစာအရ အကြမ်းဖက်မှုပုံသဏ္ဌာန်သည် သမားရိုးကျနည်းလမ်းများမှ နည်းပညာမြင့်မားသည့် Hybrid ပုံစံသို့ ကူးပြောင်းလာနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ Non-State Actor များသည် Drone များကို ပိုမိုအသုံးပြုလာကြောင်း၊ မိမိနိုင်ငံတွင်လည်း အကြမ်းဖက်အဖွဲ့အစည်းများသည် Drone နည်းပညာဖြင့် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းတို့ လုပ်ဆောင်နေသည့်အပြင် ဆိုက်ဘာနယ်ပယ်ကိုအသုံးပြု၍ ဝါဒဖြန့်ခြင်း၊ ရန်ပုံငွေရှာခြင်းတို့ကိုလည်း ပိုမိုလုပ်ဆောင်လာကြကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ရည်ရွယ်ချက် ငါးရပ်ဖြင့် ရေးဆွဲ၍ ၂၀၁၄ ခုနှစ် ဇွန် ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၉ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ သုံးရပ်နှင့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့ကို ဆန့်ကျင်ရှုတ်ချသူများကိုသာမက မထောက်ခံသူများ၊ အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲ သတ်ဖြတ်ခဲ့ကြပါကြောင်း၊ သို့ဖြစ်၍ ရဟန်းသံဃာများ၊ သီလရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပညာရေးကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးစသည်တို့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးများနှင့်ကလေးငယ်များအပါအဝင် သာမန်ပြည်သူများ ထောင်နှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ပြုစုထားသောစာရင်းများအရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့်ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခုပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာတော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ကြောင်းနှင့် ၁၃၀၁၁ ဦးဒဏ်ရာရရှိခဲ့ပါကြောင်း။

ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်အဖွဲ့များသည် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်းတို့အပါအဝင် တရားမဝင်လမ်းကြောင်းများမှ ရန်ပုံငွေရှာဖွေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Financial Action Task Force(FATF)၏ စောင့်ကြည့်မှုအောက်မှ လွတ်မြောက်နိုင်ရေးအတွက် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုကို တားဆီးတိုက်ဖျက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းဥပဒေများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၇၃)နှင့် (၂၄၆၂)အပါအဝင် နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်လုပ်ရန် ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာမူးယစ်ရာဇာများနှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ AA အဖွဲ့ဝင်များပါဝင်ပတ်သက်နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ထိ ၂၄ ကြိမ်ရှိခဲ့ပါကြောင်းနှင့် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့သော အမှု ကိုးမှုပါဝင်ပါကြောင်း၊ ထွက်ဆိုချက်များအရ အဖမ်းခံရသူများသည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ AA အဖွဲ့အတွက် တာဝန်ပေးအပ်ခံရသဖြင့်လုပ်ဆောင်နေခြင်းဖြစ်သည်ဟုသိရှိရပါကြောင်း၊ မူးယစ်ဆေးဝါးမှရရှိသော အကျိုးအမြတ်များအနက် ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်းဝယ်ယူဖြည့်တင်းရာတွင် အသုံးပြုပါကြောင်း၊ ၎င်းတို့သည် နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနှင့်ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်းစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်နေသည်ကို တွေ့ရှိရပါကြောင်း။

အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုတို့သည် တစ်ခုနှင့်တစ်ခုအပြန်အလှန်ချိတ်ဆက်နေပါကြောင်း၊ ၂၀၂၅ ခုနှစ်၏ နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်စဉ်များအရ အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့၏စစ်ဆင်ရေးစရိတ်နှင့် လက်နက်ဝယ်ယူရန် ငွေကြေးကို မူးယစ်ဆေးဝါးရောင်းဝယ်မှုမှ အဓိကရရှိကြခြင်းဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုမှရရှိသောငွေများကို Crypto-currency အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ခြေရာဖျောက်ခဝါချပြီးနောက် အဆိုပါငွေများကို အကြမ်းဖက်လုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းဖြစ်ပါကြောင်း၊ အဆိုပါမှုခင်းများသည် နယ်စပ်ဖြတ်ကျော်ချိတ်ဆက်နေခြင်းဖြစ်သဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များ၏ အဓိကသော့ချက်သည် သတင်းအချက်အလက်မျှဝေခြင်းနှင့် ဥပဒေကြောင်းအရ အပြန်အလှန်အကူအညီပေးခြင်းတို့ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေကိုပြဋ္ဌာန်းထားရှိပြီး ဥပဒေနှင့်အညီ ဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဥပဒေများနှင့်အညီဖွဲ့စည်းထားပြီးဖြစ်သော ဗဟိုအဖွဲ့များအနေဖြင့် အပြန်အလှန်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးသည် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အချက်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ သီးခြားဆောင်ရွက်ချက်များသည် နယ်စပ်ဒေသ၌ ရပ်တန့်သွားနိုင်သော်လည်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသည် အကြမ်းဖက်သမားများအတွက် မည်သည့်နေရာမှ ခိုလှုံရာမရှိစေရန် ဖန်တီးပေးနိုင်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် သတင်းအချက်အလက်များမျှဝေခြင်း၊ တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ချက်များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှု၏ မူလဇာစ်မြစ်ကိုဖြေရှင်းရန် အတူတကွလုပ်ဆောင်ခြင်းတို့ပါဝင်နေပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်းပြီး INTERPOL၊ ASEANAPOLတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်၊အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ ကုလသမဂ္ဂအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာ၊ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၊ ဘင်းမ်စတက်ကွန်ဗင်းရှင်းစသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာမူဘောင်များအပေါ် အခြေခံ၍ “အကြမ်းဖက်မှု၊ အစွန်းရောက်အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မူဝါဒရေးရာ လမ်းညွှန်ချက်(မူကြမ်း)”ကို ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒရေးရာလမ်းညွှန်ချက်ကို အခြေခံ၍ အမျိုးသားအဆင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာဗျူဟာကိုရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဖွဲ့ဝင်များက သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို ဆွေးနွေးပေးပို့ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ချက်များ၊ လက်ရှိဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုများ၊ မှတ်တမ်းတင်ပေးရန်ကိစ္စရပ်များ၊ အတည်ပြုပေးရန်ကိစ္စရပ်များ၊ အမျိုးသားအဆင့်အကြမ်းဖက်မှုတိုက်ဖျက်ရေး မဟာဗျူဟာဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိဂုံးချုပ်မှာကြား၍ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်








တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာလာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင် အကောင်းဆုံးဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့်နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)တွင်တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-







"လာရောက်တက်ဖြစ်တာကတော့ မိဘတွေလဲ သဘောတူညီမှုရှိပါတယ်။ ကျွန်တော့်စိတ်ဆန္ဒတစ်ခုကြောင့်လဲ တက်ရောက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အခုလိုသင်တန်းကြီးပြီးဆုံးသွားပြီဆိုတော့ ပီတိလဲဖြစ်ပါတယ်။ အရမ်းလဲကျေနပ်အားရပါတယ်။ တပ်မတော်သားကောင်း တစ်ယောက်ဖြစ်အောင် နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မယ့် တပ်မတော်သားတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

"သင်တန်းဆင်းရတာ ပျော်တော့ပျော်ပါတယ်။ ဒါပေမဲ့ ခွဲခွာရတဲ့အချိန်ကျတစ်ယောက်နဲ့တစ်ယောက်ဝမ်းနည်းမိတယ်။ ဘယ်လိုသင်ခန်းစာတွေရလဲဆိုတော့ ကြုံတွေ့ရတဲ့အချိန်မှာတော့ ကျွန်တော်သဘောကျပါတယ်။ Uniform ဝတ်တာအစ သဘောကျပါတယ်။ ကျွန်တော်လဲ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ စစ်သားဆိုတာတော့ ကျရာနေရာမှာတာဝန်ကျေပွန်အောင်ထမ်းဆောင်ရမယ်။ ဒီနေရာမသွားနဲ့ဆိုမသွားရဘူး။ ဒီနေရာသွားဆိုသွားမယ်။ ဒါလုပ်ဆိုလုပ်လိုက်မယ်၊ ဒါမလုပ်နဲ့ဆိုမလုပ်ဘူး။ စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်မယ်လို့ ကျွန်တော်ခံယူထားပါတယ်"ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်း အခမ်းအနားတွင်ပြောကြားသည့် နိုင်ငံတကာ တာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များ


H.E.Mr.Sholban Kara-Ool ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ

နေပြည်တော် ဒီဇင်ဘာ ၂၉

**H.E.Mr.Sholban Kara-Ool ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

ကြွရောက်လာကြတဲ့ မြန်မာနိုင်ငံပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များခင်ဗျာ။ မနေ့က ကျင်းပခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရွေးကောက်ပွဲကို နိုင်ငံတကာက စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ Delegation အဖွဲ့မှာ ရုရှားနိုင်ငံရဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များသာမက ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များပါ ပါဝင်ပါတယ်။ သူတို့က မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲသာမက အခြားနိုင်ငံများမှာကျင်းပတဲ့ ရွေးကောက်ပွဲတွေကိုပါ တစ်ကြိမ်မက လေ့လာခဲ့ဖူးပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံများကိုလဲ မိတ်ဆက်ပေးပြီးဖြစ်ပါတယ်။ ဒ့ါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ချိန်ထိုးပြီး လာရောက်လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့ကလေ့လာခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ ကြိုးစားအားထုတ်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။ ဒီအလုပ်တွေဟာ တကယ်တော့ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ တကယ်ကြိုးစားအားထုတ်နေတယ်ဆိုတာ သိသာမြင်သာပါတယ်။ ကျွန်တော်တို့ မနေ့က လေ့လာခဲ့တဲ့အချိန်မှာ ရွေးကောက်ပွဲ မဲပေးနေကြတာဟာ အီလက်ထရောနစ်စက်တွေကို အသုံးပြုနေတာတွေ့ရပါတယ်။ အီလက်ထရောနစ်စက်တွေဟာ တာဝန်ရှိသူများရဲ့ ရှင်းပြချက်များအရ ပြင်ပက အီလက်ထရောနစ်နှောင့်ယှက်မှုတွေ လုံးဝမပြုလုပ်နိုင်ဘူးဆိုတာလဲ သိရပါတယ်။ ကျွန်တော်တို့မျက်မြင်ကြည့်တဲ့အချိန်မှာလဲမှန်ပါတယ်။ ကောင်းကောင်းမွန်မွန်လဲ အလုပ်လုပ်ပါတယ်။ ပြင်ပကနှောင့်ယှက်မှုပုံစံမျိုးလဲ မတွေ့ရပါဘူး။ ဒီစက်တွေကိုအသုံးပြုပြီးတော့ ရွေးကောက်ပွဲလုပ်ဆောင်ခြင်းဟာ တကယ်စစ်မှန်တဲ့ ရလဒ်တွေရရှိလာလိမ့်မယ်လို့ သုံးသပ်ရရှိပါတယ်။ အခုရွေးကောက်ပွဲမှာ Electronic Voting Machine တွေ အသုံးပြုခြင်းဟာ ရွေးကောက်ပွဲအတွက် ဆုလာဘ်တစ်ခုပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အသုံးပြုတဲ့ စက်တွေအနေနဲ့ အရင်တုန်းက ရွေးကောက်ပွဲမဲပေးတဲ့အချိန်မှာ ကြာမြင့်မှုတွေကို အများကြီး လျှော့ချနိုင်တာကို ကျွန်တော်


Mr. Igor Borisov ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်

တို့ မျက်မြင်ပဲတွေ့ခဲ့ပါတယ်။ မဲပေးမှုလုပ်ငန်းတွေမြန်ဆန်လာတာ တွေ့ရှိခဲ့ပါတယ်။ ဆန္ဒမဲပေးမယ့် လူတွေက အတန်းရှည်ကြီးတွေ တန်းစီပြီးတော့ တကယ်ကို တက်ကြွစွာတွေ့ရပါတယ်။ သူတို့လဲ ပျော်ရွှင်နေကြပါတယ်။ ဒီမှာ လုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေလဲ ကိုယ့်အလုပ်ကို ဂရုတစိုက်တက်ကြွစွာ လုပ်ဆောင်နေတာတွေ့ရပါတယ်။ မနေ့က ကျွန်တော်တို့ မဲပေးတဲ့ပြည်သူတွေကို သွားရောက်ပြီး နှုတ်ဆက်စကားနဲ့ အခြားမေးမြန်းမှု အနည်းငယ်ပြုလုပ်ခဲ့ပါတယ်။ သူတို့အားလုံးက တက်ကြွနေကြပါတယ်။ ရွေးကောက်ပွဲကို စိတ်ဝင်တစားလဲရှိကြပါတယ်။ ပျော်ရွှင်တက်ကြွစွာ မဲပေးဖို့ပြင်ဆင်နေတဲ့အကြောင်း သူတို့ပြောပါတယ်။ ပါတီတွေက စောင့်ကြည့်နေတဲ့ ကိုယ်စားလှယ်တွေကလဲ သူတို့ အလုပ်ကို ဂရုတစိုက်လုပ်ဆောင်နေကြတာကိုလဲ တွေ့ရှိခဲ့ပါတယ်။ မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါကတကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့ သဘောဖြစ်ပါတယ်။ ဒီလိုမျိုးတွေကိုကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ လုံခြုံရေးကိစ္စရပ်တွေကိုလဲ ယုံကြည်မှုရှိတယ်ဆိုတဲ့ သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပပေးသူတွေရော ပါဝင်တဲ့ပြည်သူတွေရော လိုလားတဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့ လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ရမယ့် ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂရုတစိုက်နဲ့လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေ ရွေးကောက်ပွဲအပေါ် တကယ့်ကို ကြိုးစားအားထုတ်ခဲ့မှုတွေ၊ မြန်မာနိုင်ငံ အကြီးအကဲရဲ့ ရွေးကောက်ပွဲအပေါ် တကယ့်ကို စိတ်ဆန္ဒအမှန်နဲ့ ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံကပြည်သူတွေ ပြင်းပြစွာဆန္ဒရှိမှုကို ဝမ်းသာဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲ အပိုင်း (၁)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် များစွာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

**Mr. Igor Borisov ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်**

အခမ်းအနားကိုကြွရောက်လာကြတဲ့ မိတ်ဆွေများ မင်္ဂလာပါ။ ကျွန်တော်တို့ Delegation ခေါင်းဆောင် မြန်မာနိုင်ငံမှာကျင်းပတဲ့ရွေးကောက်ပွဲအပေါ် သူရဲ့ အမြင်တွေကိုပြောပြသွားတာ တော်တော်ပြည့်စုံပါတယ်။ ကျွန်တော်မြင်တွေ့ခဲ့တာကို အနည်းငယ်ပြောပြချင်ပါတယ်။ အခုကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲက ပွင့်လင်းမြင်သာမှုရှိပါတယ်။ ဥပဒေနဲ့ညီစွာဆောင်ရွက်တာမို့လို့ ကျေးဇူးတင်ကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ တာဝန်ရှိသူများရဲ့ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ဒီရွေးကောက်ပွဲကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့ပြည်သူအချို့နဲ့ ကျွန်တော်တို့စကားပြောဆိုမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကဝန်ထမ်းတွေနဲ့ သွားရောက်လေ့လာခဲ့တဲ့ မဲရုံတွေက ဝန်ထမ်းတွေနဲ့ စကားပြောဆိုနိုင်ခဲ့ပါတယ်။ Electronic Voting Machine ရဲ့ အလုပ်လုပ်မှုကိုလဲ သိရှိခဲ့ရပါတယ်။ တာဝန်ရှိသူတွေ စီစဉ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်တွေရော ကျွန်တော်တို့ လာရောက်လေ့လာဖို့အတွက် စီစဉ်ထားတာရော Electronic Voting Machine တွေ အသုံးပြုတာတွေပါ ကောင်းမွန်ပါတယ်လို့ မှတ်ချက်ပေးလိုပါတယ်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့ တက်ကြွစွာ လုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့



Mr.Deng Xijun တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်

ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲ ဖြစ်တယ်ဆိုတာကို ကျွန်တော်ကြေညာလိုပါတယ်။ ကျွန်တော် ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျ ဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်းအပေါ်က သွေဖည်အောင်လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ရွေးကောက်ပွဲမကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး သတင်းတွေ ပျံ့နှံ့အောင်လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကို Information Tech-nology တွေ အသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလဲ ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရော ပြည်သူတွေပါ ဒီလို တိုက်ခိုက်မှုတွေကို ရှောင်ရှားကျော်လွှားပြီးတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မယ့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကိစ္စရပ်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော် ထပ်မံပြောကြားလိုတာက မြန်မာနိုင်ငံ အကြီးအကဲရဲ့ ထောက်ပံ့ပေးမှု၊ ပြည်သူတွေအားလုံး ရွေးကောက်ပွဲအပေါ် အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တယ်ဆိုတာ ထပ်လောင်းပြောချင်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အကူအညီတွေလိုတယ်ဆိုရင် အကူအညီပေးဖို့ အသင့်ရှိတယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**Mr.Deng Xijun တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်**

ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုလိုမျိုး လာရောက်လေ့လာဖို့ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို သုံးရက်အတွင်းမှာလာရောက်ပြီး မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ဘယ်လိုမျိုး ပြင်ဆင်ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို လေ့လာခွင့်ရတဲ့အတွက်လဲ အထူးပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရဲ့ ဖိတ်ကြားမှုနဲ့ အခုလိုမျိုး စောင့်ကြည့်လေ့လာခွင့်ရတဲ့အတွက်လဲ အထူးပင် ဝမ်းသာဂုဏ်ယူမိပါတယ်။ အထူးသဖြင့်ကတော့ ရွေးကောက်ပွဲတွေ ဖော်ဆောင်တယ်ဆိုတာ ကျွန်တော်တို့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ မြန်မာနိုင်ငံယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ကြားမှာထားရှိတဲ့ သဘောတူညီမှု၊ တရုတ်-မြန်မာကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုတွေများစွာ လုပ်နေတာဖြစ်ပြီးတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုလဲ ထောက်ပံ့ကူညီမှုတွေများစွာ ပြုလုပ်လျက်ရှိပါတယ်။ မနေ့ကဆိုရင် နေပြည်တော်မှာရှိတဲ့ မဲရုံ ခြောက်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲ့ဒီလိုမျိုး သွားရောက်လေ့လာတဲ့အခါ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းအားဖြင့် အားလုံးကောင်းမွန်အဆင်ပြေနေတာကို တွေ့ရပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ တွေ့ရှိချက်တွေကိုပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေက စနစ်ကျတယ်။တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလဲတွေ့ရပါတယ်။ နောက်ဆုံးမဲရုံမှာ မဲရုံပိတ်ဖို့ တစ်နာရီခွဲလောက်ပဲလိုတော့တာတောင်

**စာမျက်နှာ ၁၉ သို့**



Mr. Alexei Bashan ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၈ မှအဆက်**

မဲပေးဖို့စီတန်းစောင့်နေကြတာကို တွေ့ရတယ်။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကလဲ လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျကောင်းမွန်တာကို တွေ့ရပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေရဲ့ ID ကတ်တွေနဲ့ သူတို့ရဲ့ အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးနေတာ တွေ့ရပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ လုပ်ငန်းဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲ အပိုင်း(၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကို တွေ့ရပါတယ်။ အောင်မြင်တဲ့ ရွေးကောက်ပွဲဖြစ်တဲ့အတွက် နောင်ကျင်းပမယ့် အပိုင်း(၂)နဲ့ အပိုင်း(၃)မှာလဲ အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ မဲဆန္ဒရှင်တွေမှာ မျှော်မှန်းချက်တွေ ရှိတယ်ဆိုတာကိုလဲ တွေ့ခဲ့ရတယ်။ ရွေးကောက်ပွဲပြီးရင် သူတို့ဘဝတွေ ပိုကောင်းလာမယ်။ စီးပွားရေးတွေကောင်းလာမယ်။ အချို့နေရာတွေမှာ ပဋိပက္ခတွေ လျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်။ ယခု ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ယူဆပါတယ်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိတဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။ နှစ်နိုင်ငံကြား ဖွံ့ဖြိုးတိုးတက်မှုတွေကိုရရှိအောင် ထူထောင်သွားဖို့အတွက် ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒီရွေးကောက်ပွဲမှသည် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး စတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်ခင်ဗျာ။

**Mr. Alexei Bashan ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှာ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲများ မည်ကဲ့သို့ကျင်းပမည်နှင့် ၎င်းတို့ကိုမည်သို့ စီစဉ်ထားသည်ကို စောင့်ကြည့်ရန်အတွက် လေ့လာသူများအဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံး သတိပြုမိတာကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နိုင်စွမ်းက အလွန်တရာ စနစ်ကျနမှုရှိပြီး အရည်အသွေးပြည့်ဝမှုရှိတယ်ဆိုတာပါပဲ။ သတ်မှတ်ထားတဲ့ မဲရုံများတွေမှာ နိုင်ငံသားများလွတ်လပ်စွာနှင့် လုံခြုံစွာမဲပေးနိုင်စေရန်အတွက် အစွမ်းကုန် လုပ်ဆောင်ထားပါတယ်။ ဒီလို လုံခြုံရေးအာမခံချက်ရှိဖို့က မဲရုံတစ်ခုအတွက် လွန်စွာအရေးကြီးပါတယ်။ မဲဆန္ဒရှင်အများအပြားက သူတို့ကိုယ်ပိုင်ရွေးချယ်မှုပြုလုပ်ပြီး သူတို့ရဲ့ အနာဂတ်ကို ဆုံးဖြတ်ဖို့ မဲပေးဖို့လာရောက်ကြတာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ ဒါက အရမ်းကောင်းပါတယ်၊ဘာလို့လဲဆိုတော့ လူငယ်တွေနဲ့ မိသားစုဝင်တွေပါမကျန်



Mr. Yerman Mukhtar ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် ဒုတိယဥက္ကဋ္ဌ

လာရောက်မဲပေးတဲ့အတွက် လျစ်လျူရှုသူမရှိဘဲ စိတ်ဝင်စား အလေးထားကြတယ်ဆိုတာထင်ရှားလို့ပါ။ ယနေ့မှာ နိုင်ငံသားများက လွှတ်တော်အမတ်များကို ရွေးကောက်တင်မြှောက်နိုင်စေဖို့ တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့သတိပြုမိပါတယ်။ ၎င်းအမတ်တွေနဲ့ နောက်ပိုင်းမှာ အစိုးရတစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆက်လက် တည်ဆောက်ကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူများက ၎င်းတို့ရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများ မရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး အီလက်ထရောနစ် မဲပေးစက်များကို အသုံးပြု၍ မဲပေးခြင်းရဲ့ ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါက လုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကို ဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ မဲပေးဖို့ ရှည်လျားတဲ့ လူတန်းတွေမရှိပါဘူး။ အရာအားလုံးက ရိုးရှင်းပြီး မြန်ဆန်လွယ်ကူစေပါတယ်။ မဲရုံဝန်ထမ်းတွေ (မဲရုံတွေကို စီစဉ်သူတွေ) နဲ့ မဲဆန္ဒရှင်တွေကိုယ်တိုင်အတွက် ကနဦးလေ့ကျင့်မှုတွေအပါအဝင် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင် လုပ်ဆောင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အထူးဝမ်းသာဂုဏ်ယူပါတယ်။ မဲဆန္ဒရှင်လူကြီးလူငယ်အရွယ်မရွေး အားလုံးက ယုံကြည်မှုရှိစွာနဲ့ မဲပေးဖို့ အချိန်မီလာရောက်ပါတယ်။ အလုံးစုံခြုံပြောရရင် မဲဆန္ဒရှင်ပြည်သူတွေ မျက်နှာပေါ်မှာ အပြုံးတွေ ဝေဆာနေတာတွေ့ရတဲ့အတွက် ဒါကဘာကိုဆိုလိုတာလဲဆိုရင် သူတို့အနာဂတ်အတွက် သူတို့ယုံကြည်မှုရှိတယ်ဆိုတာပါပဲ။ ကျေးဇူးတင်ပါတယ်။

**Mr. Shpakouski Aliaksandr**
**ဘယ်လာရုစ် လွှတ်တော်အမတ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လွှတ်တော်အဖွဲ့၏ အကြီးအကဲများသည် ဒီဇင်ဘာ ၂၄ ရက်မှစ၍ မြန်မာနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး ယနေ့တွင် မြို့တွင်းရှိ မဲရုံသုံးခုသို့ သွားရောက်ခဲ့ကြသည်။ လက်ရှိအချိန်မှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူတွေရဲ့ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ဖို့ အခြေအနေအားလုံးကို ဖန်တီးထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေး လုပ်ငန်းစဉ်၏ တစ်ခုတည်းသော မှန်ကန်သည့်လမ်းစဉ်ဖြစ်ပြီး အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုတွင် သန့်ရှင်းသော ယှဉ်ပြိုင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ တွေ့ဆုံဆွေးနွေးမှုနဲ့ အရပ်ဘက်သဘောတူညီချက်အတွက် တိကျသော ခြေလှမ်းတစ်ရပ်ကို လှမ်းနေတာ ထင်ရှားပါတယ်။ လူ့အဖွဲ့အစည်းမှာပါဝင်ဖို့ ငြင်းဆန်တဲ့ နိုင်ငံရေးအင်အားစုတွေဟာ ဥပဒေနယ်ပယ်ကနေ သူတို့ကိုယ်သူတို့ ဖယ်ထုတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီတဲ့ လမ်းကြောင်းကို လျှောက်လှမ်းနေကြတာပါ။ အဲ့ဒီလို နိုင်ငံရေးအင်အားစုတွေဟာ နေရာတစ်နေရာကနေ အခြေခံအားဖြင့် ရွေးကောက်ပွဲလှုပ်ရှားမှုများ မရှိအောင် ဖျက်ဆီးနေကြပါတယ်။ လွှတ်တော်ရွေးကောက်ပွဲ ရလဒ်များအပေါ်အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင် အားဖြည့်ရန် အမြဲအသင့်ရှိပါတယ်။ လွန်ခဲ့သော လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် အောင်မြင်မှုများ ရရှိခဲ့သည်။ လက်ရှိအခြေအနေမှာ ခက်ခဲနေဆဲဖြစ်သော်လည်း ဘယ်လာရုစ်နိုင်ငံသည် ကျွန်ုပ်တို့၏ မြန်မာမိတ်ဆွေများအား လိုအပ်သော နိုင်ငံရေးပံ့ပိုးမှုများ ပေးအပ်ရန် အမြဲအသင့်ရှိနေပြီး ယခုလို ဘယ်လာရုစ်မှ လေ့လာသူများလဲ ရှိနေပါသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ခေါင်းဆောင်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်း


Mr. Shpakouski Aliaksandr ဘယ်လာရုစ် လွှတ်တော်အမတ်

ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ခိုင်မာစေရန်ရည်ရွယ်ချက်ကို ထောက်ခံကြောင်း သက်သေခံချက်တစ်ခုဖြစ်သည်။

**Mr. Yerman Mukhtar ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ကျွန်တော့်အနေနဲ့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပထမဆုံးပြောကြားလိုတာကတော့ ဒီမှာ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးဟာ မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံနှစ်နိုင်ငံအကြားမှာ ရင်းနှီးတဲ့ ဆက်ဆံရေးဖြစ်တဲ့ သံတမန်ဆက်ဆံရေး တည်ဆောက်ဖို့အတွက် အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်မှာဖြစ်တဲ့ အကြောင်းပထမဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဒီကိုလာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာကျင်းပတဲ့ ရွေးကောက်ပွဲမှာ လာရောက်ကြည့်ရှုလေ့လာဖို့နဲ့ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှေ့ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ နှစ်နိုင်ငံကြား ကိစ္စရပ်တွေကို ဆွေးနွေးဖို့အတွက် လာရောက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ လာရောက်လေ့လာတဲ့အခါမှာ လှိုက်လှဲစွာ ကြိုဆိုတဲ့အတွက်ရော လေ့လာဖို့အတွက် အကောင်းဆုံးအခြေအနေ တစ်ခုဖန်တီးပေးတာကိုလဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရောက်လာတဲ့အချိန်ကနေ စပြီးတော့ ရန်ကုန်မြို့မှာရော နေပြည်တော်မှာရော မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာ သတင်းအချက်အလက်ပေါင်းများစွာကို ရရှိခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး ပြောကြားခဲ့တဲ့ မိန့်ခွန်းဟာဆိုရင် မြန်မာနိုင်ငံရွေးကောက်ပွဲ ကော်မရှင်ရဲ့ လုပ်ဆောင်နေတဲ့ Process တွေအားလုံးနဲ့ ရွေးကောက်ပွဲမှာအသုံးပြုမယ့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို ကျွန်တော်တို့ကောင်းစွာသိရှိခဲ့ရပါတယ်ခင်ဗျ။ မြန်မာနိုင်ငံ ရွေးကောက်ပွဲမှာဆိုရင် တကယ့်ကိုအသုံးဝင်ပြီးတော့ တကယ့်ကို ပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကိုတွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလဲ ယခုတွေ့ရှိခဲ့တဲ့ ကောင်းမွန်တဲ့အချက်အလက်တွေကို ပြန်လည်အသုံးချသွားဖို့အတွက်လဲ စဉ်းစားထားပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်။ တစ်ရက်တည်းမှာ အခုလို ရွေးကောက်ပွဲတစ်ခုကို လုပ်ဆောင်ရတာဟာ တကယ့်ကိုကြီးမားတဲ့ အလုပ်တစ်ခုလဲဖြစ်ပါတယ်။ အခုလိုလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ရှုထောင့်တစ်ခုကို ကျွန်တော်တို့တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့လူတွေအများကြီးစုပြီးလုပ်ဆောင်ရတာ အများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာ တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာလုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ မဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့စာရင်းတွေကိုအလွယ်တကူ ရှာဖွေတွေ့ရှိအောင်လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။ ဒ့ါပြင် မဲဆန္ဒရှင်တွေအနေနဲ့ မဲစာရင်းကပ်ထားတဲ့ဘုတ်တွေမှာ မိမိတို့စာရင်းတွေကိုကြည့်ရုံသာမက မဲပေးတဲ့နေရာရောက်ရင်လဲ သူတို့စာရင်းကို စာအုပ်မှာကြည့်ပြီးတော့ လက်မှတ်ထိုးပြီးတော့ ဆန္ဒပြုခန်းမှာသွားပြီး လျှို့ဝှက်မဲပေးကြတာ တွေ့ရပါတယ်။ မဲရုံတွေမှာ မဲပေးစက်ကိုအကောင်းဆုံးသေသေချာချာထိရောက်မှုအပြည့်နဲ့ သုံးစွဲသွားတာကို တွေ့ရပါတယ်။ မဲဆန္ဒပေးတဲ့လူတွေက တက်တက်ကြွကြွပါဝင်ပြီး မဲပေးကြတာကိုတွေ့ရှိရပါတယ်။ ဒ့ါပြင် ပြည်တွင်း၊ ပြည်ပမှ သတင်းရယူကြတဲ့ သတင်းထောက်တွေ ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံပိုင်မီဒီယာများမှ သတင်းရယူထုတ်လွှင့်နေတာကိုလဲ တွေ့ရှိရပါတယ်။ အရေးကြီးတဲ့အချက်တစ်ခုကတော့ မဲပေးကြတဲ့သူတွေအထဲမှာ လူငယ်များစွာ **စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

ပါဝင်တာကို တွေ့ရပါတယ်ခင်ဗျ။ ဒါကတော့ ဘာကိုပြသသလဲဆိုရင် ရွေးကောက်ပွဲ အပိုင်း(၁)မှာ လူငယ်များ စွာပါဝင်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ ဖြစ်ပေါ်လာမယ့်အနာဂတ် အတွက်မျှော်လင့်ချက်ကြီးကြီးထားတယ် ဆိုတာမျိုး သုံးသပ်လို့ရပါတယ်။ နောက်ထပ်ပြောလိုတာကတော့ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ဆတက်ထမ်းပိုးတိုးပွားစေဖို့ ကျွန်တော်တို့အနေနဲ့ အသင့်ရှိကြောင်း ပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ မြန်မာနိုင်ငံ ရွေးကောက်ပွဲ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**H.E. Mr. YICH Samethy ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်**

ကျွန်တော့်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်ကိုယ်စား လာရောက် လေ့လာခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် မနေ့က နေပြည်တော်မှာရှိတဲ့ မဲရုံတွေကို သွားရောက်လေ့လာတဲ့အခါမှာ အောက်ဖော်ပြပါလေ့လာတွေ့ရှိချက်များကို ကျွန်တော်မျှဝေပေးလိုပါတယ်ခင်ဗျ။ ပထမဆုံးအနေနဲ့ မဲရုံများကိုပြင်ဆင်



H.E. Mr. YICH Samethy ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်

ထားရှိမှုနဲ့ ကျင်းပဆောင်ရွက်မှုတွေဟာဆိုရင် အလွန်ကိုပြီးပြည့်စုံပြီးတော့ အေးချမ်းတာကိုတွေ့ရပါတယ်။ မဲဆန္ဒရှင်များအနေနဲ့လဲ ကောင်းမွန်စွာနဲ့ ရွေးကောက်ပွဲကို ၎င်းတို့ရဲ့ ဒီမိုကရေစီ အခွင့်အရေးများကို အသုံးချပြီး ပြင်ပမှ နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတစ်စုံတစ်ရာ မခံရဘဲ မဲပေးနိုင်ခဲ့တာကို တွေ့နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ မဲရုံမှာတာဝန်ကျတဲ့ အရာရှိများအားလုံးကလဲ ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းနဲ့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ကောင်းမွန်ပြည့်စုံစွာဆောင်ရွက်နေတာတွေ့ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှုဖြစ်ပါတယ်။ မဲပေးတဲ့လုပ်ငန်းစဉ် တစ်လျှောက်လုံး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ပြီးတော့ သေချာစွာ မဲရုံကိုပိတ်သိမ်းခြင်း၊ မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းကိုလဲ သက်ဆိုင်ရာ ပတ်သက်သူများ၊ State Holder များအားလုံးက ပါဝင်ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများအပြင် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာသူများ၊ မီဒီယာများကပါ အတူတူပူးပေါင်းတာမျိုးကို ကျွန်တော်တို့လေ့လာတွေ့ရှိခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ မြန်မာ အီလက်ထရောနစ် မဲပေးစက်များကို အသုံးပြုပြီး မဲပေးသူမဲဆန္ဒရှင်များအနေနဲ့ မဲပေးနိုင်ခဲ့တဲ့အတွက် မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းများကို ယခင်ကထက် ပိုမိုမြန်ဆန်ပြီး ပိုမိုတိကျမှန်ကန်တာကိုလဲ ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ ဒါပြင် မဲလာပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်နဲ့ပတ်သက်ပြီး ကောင်းမွန်စွာ သိရှိနားလည်ထားတာကိုလဲ ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျ။ ပဉ္စမအချက်အနေနဲ့ကတော့ မဲရုံမှာကောင်းမွန်စွာနဲ့ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရုံမျှသာမကဘဲ မဲရုံဝန်ထမ်းတွေအတွက် ကောင်းမွန်မှန်ကန်တဲ့လုံခြုံရေး စီစဉ်ဆောင်ရွက်ထားရှိတာကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ ဆဋ္ဌမအချက်အနေနဲ့ မမှန်မကန်ပြုလုပ်ခြင်းများကို ကျွန်တော်တို့ တစ်စုံတစ်ရာ မှမတွေ့ရှိခဲ့ရပါဘူး။ အဲ့ဒီလိုမျိုးမတွေ့ခဲ့ရတဲ့အပြင် ရွေးကောက်ပွဲကို ကောင်းမွန်ချောမွေ့စွာနဲ့ ဆောင်ရွက်ထားနိုင်ခဲ့တယ်ဆိုတာကိုတွေ့ရှိခဲ့ရပြီး မမှန်မကန်ဆောင်ရွက်ခြင်းတစ်စုံတစ်ရာမှမတွေ့ခဲ့ရပါဘူး။ နောက်တစ်ခုက မဲရုံတွေဟာဆိုရင် မဲဆန္ဒရှင်အားလုံးအတွက် သွားရောက်ဖို့လွယ်ကူပြီး မဲပေးဖို့အတွက်လဲ လွယ်ကူအဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်ထားတာ တွေ့ရတဲ့အတွက်ကြောင့် အခုကျင်းပတဲ့ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျ။ နိဂုံးချုပ်အနေနဲ့ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး **လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ ဖော်ဆောင်ခဲ့တာ** တွေ့ရှိခဲ့ရပါတယ်။ ဒါ့ပြင် မမှန်မကန်ဆောင်ရွက်မှု လုံးဝတစ်စုံတစ်ရာမတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ကောင်းမွန်မှန်ကန်ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလဲ ဖော်ဆောင်နိုင်ခဲ့တာကိုလဲ ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမည့်ရွေးကောက်ပွဲ အဆင့်တွေမှာလဲ ယခုအဆင့်မှာလိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်မိပါတယ်။ အခုလို ဖိတ်ကြားတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်။ ၂၀၂၆ ခုနှစ်ကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အဆွေတော်နဲ့ ဧည့်သည်တော်များ အားလုံးကောင်းမွန်သော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစား လှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်ရပ်စီအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

(ခ) လတ်တလောမြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ၊

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့်အချက်များ။

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ကိုးမျက်နှာထက်မနည်း၊ ၁၀ မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၁ မျက်နှာထက်မနည်း၊ ၁၂ မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း၊ ခြောက်မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ခ၊ ဂ၊ဃ)ပါ အကြောင်းအရာများအပေါ်အခြေခံ၍ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1)သို့လိပ်မူ၍ Soft Copy တစ်ချပ်၊ Hard Copy တစ်စုံနှင့် အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသား၊ ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ငါးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊၀၉-၉၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ များသည် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူ များက လေဆိပ်တွင်လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xu-anbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေး အကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံ မှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ည ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း လေကြောင်း ခရီးဖြင့် အသီးသီးထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့် လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ များ နေပြည်တော်လေဆိပ်မှ ပြန်လည် ထွက်ခွာရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စု နယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူ များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြစဉ်။**












☆ **ကျောဖုံးမှအဆက်**

ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်နေချိန်တွင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် အကြမ်းဖက်ဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံအတွင်းရှိ အချို့နေရာများ၌ ရွေးကောက်ပွဲ အထမမြောက်စေရန်၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ မဲရုံများသို့ မသွားနိုင်စေရန်၊ ဖွင့်လှစ်ပြီး မဲရုံများ ပျက်စီးဆုံးရှုံးစေရန်နှင့် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်များ ထိတ်လန့်တုန်လှုပ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အသံမိုင်းများ ဖောက်ခွဲပြခြင်း၊ မဲရုံသို့ လာရောက်ရန် ကြို၊ ပို့ယာဉ်များကို တားဆီးခြင်း၊ ခြိမ်းခြောက်စာများပို့ခြင်း စသည့် ခြိမ်းခြောက်မှုများရှိခဲ့သကဲ့သို့ ဒရုန်းများဖြင့် Drop Bomb ချခြင်း၊ Fixed Wing ဖြင့် ပစ်ခတ်ခြင်းနှင့် မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

ထိုသို့လုပ်ဆောင်ခဲ့ကြရာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂)၌ လက်လုပ်အသံမိုင်းဖောက်ခွဲခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ၁၀၇ မမ လက်လုပ်ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီးနှင့် အမှတ်(၅)ရပ်ကွက်ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂)တံတားအနီးတို့၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကို Fixed Wing ဖြင့် ပစ်ခတ်ခြင်း၊ ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ယုဇနဆီအုန်းကုမ္ပဏီ မာရမ်းပျိုးခြံမှ ဆန္ဒမဲပေးရန် မဲရုံသို့သွားရောက်သည့် ဆီအုန်းခြံလုပ်သား ဦးရေ ၁၇၀ ကို တားဆီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံးခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တမူးမြို့ စော်ဘွား(၁)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ကသာမြို့မြောက်ဘက်နှင့် တောင်ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြင်းခြံမြို့ ထွေ/အုပ်ရုံးအနီး၊ တရားရုံးအနီးနှင့် ဗဟိုအကျဉ်းထောင်ကြားလမ်းအနီးတို့သို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ညောင်ဦးမြို့နယ် ဇုန်အမှတ်(၉) မဲရုံအမှတ်(၆၄) အခြေခံပညာမူလတန်းကျောင်း(ပွင့်) စာသင်ကျောင်းအနီးသို့ လက်နက်ငယ်များဖြင့် လာရောက် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်များကို ဒီဇင်ဘာ ၂၇ ရက် ညနေမှ ၂၈ ရက် ညနေပိုင်းထိ အပိုင်း(၁) မဲဆန္ဒနယ် ၁၀၂ မြို့နယ်အနက် မြို့နယ် ၁၁ ခုတို့၌ နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြရာ ပြည်သူငါးဦးခန့်သာ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သော်လည်း လွတ်လပ်၍ တရားမျှတပြီး ဂုဏ်သိက္ခာရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသို့ နှောင့်ယှက်ပစ်ခတ်မှုနှင့် ခြိမ်းခြောက်မှုများကြားမှ အပိုင်း(၁)ကျင်းပသည့် ၁၀၂ မြို့နယ်လုံး၌ ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်ကြသူများနှင့် နိုင်ငံတော်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံဆောင်ရွက်မှုများအပေါ် သံသယကင်းရှင်းပြီး ထောက်ခံကြသည့် မဲပေးပိုင်ခွင့်ရှိသူပြည်သူများက တစ်ခဲနက် မိမိတို့ဆန္ဒအလျောက် ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲမှပင် စတင်စောင့်ဆိုင်းလျက် မဲရုံများတစ်ပြိုင်နက်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှ သတ်မှတ်ချိန် မဲရုံပိတ်သည့် ညနေ ၄ နာရီထိနှင့် ၄ နာရီနောက်ပိုင်း မဲရုံပရဝဏ်အတွင်း ကျန်ရှိနေသည့် မဲဆန္ဒရှင်များကလည်း ဆက်လက်မဲပေးကြရာ ညနေ ၅ နာရီခွဲတွင် မြို့နယ် ၁၀၂ မြို့နယ်လုံးအနေဖြင့် ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအကြိုကာလများတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ရာ မြို့နယ်ပေါင်း ၄၁ မြို့နယ်တွင် အများပြည်သူဆိုင်ရာနေရာများ၌

**စာမျက်နှာ ၂၃ သို့**



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂)အနီး၌ လက်လုပ်အသံမိုင်းဖောက်ခွဲမှုကို တွေ့ရစဉ်။





အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီး၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအား ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် Drone ယာဉ်အား နည်းပညာအသုံးပြု၍ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား Drop Bomb ချတိုက်ခိုက်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှေ့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

စာမျက်နှာ ၂၂ မှအဆက်

မဟုတ်မမှန် ဝါဒဖြန့်စာစောင်များ ဖြန့်ဝေခြင်း၊ ကပ်ထားခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လှုံ့ဆော်စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း၊ မဲမပေးရန် လှုံ့ဆော်အော်ဟစ်ပြောဆိုခြင်း၊ ဆဲဆိုခြင်း၊ မဲမပေးရန်လှုံ့ဆော်သည့် Sound Box၊ Speaker များဖွင့်ခြင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးဆိုင်းဘုတ်၊ ပိုစတာများကို ရိုက်ချိုးခြင်း၊ လှဲချခြင်း၊ မီးရှို့ခြင်းများ ၂၃ ကြိမ်၊ မဲရုံလုံခြုံရေးတပ်ဖွဲ့ဝင်များကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း လေးကြိမ်၊ Drop Bomb ချတိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ လက်လုပ်အသံမိုင်းခွဲ နှောင့်ယှက်ခြင်း နှစ်ကြိမ်၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း သုံးကြိမ်၊ ရွေးကောက်ပွဲတာဝန်ခံဌာနဆိုင်ရာ အစိုးရဝန်ထမ်းများ၊ ရွေးကောက်ခံပါတီအဖွဲ့ဝင်များကို လက်နက်ကိုင်ခြိမ်းခြောက်ခြင်း သုံးကြိမ်၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခြောက်ကြိမ် စုစုပေါင်း ၅၄ ကြိမ် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစွာ မဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ပြည်ပြေးပြည်ဖျက်မီဒီယာများက မမှန်မကန်ရေးသားထုတ်လွှင့် အသရေဖျက်ခြင်းများကို မည်ကဲ့သို့ပင် လုပ်ဆောင်ခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားထောက်ခံသူ ပြည်သူလူထု မဲဆန္ဒရှင်များအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၊ သံတမန်များ၊ သတင်းမီဒီယာများနှင့် ကိုယ်တိုင်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပါ၍ ဆက်လက်ကျင်းပသွားရမည့် ရွေးကောက်ပွဲအပိုင်း(၂)နှင့် အပိုင်း(၃)တို့တွင်လည်း မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်အစိုးရ၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ယဉ်ကျေးသိမ်မွေ့သောနည်းလမ်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ဒီမိုကရေစီကိုထောက်ခံကြိုဆိုကြသည့်၊ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသည့် တာဝန်သိပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ၊ သံသယဖြစ်ဖွယ်ရာများကို တွေ့ရှိရပါက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

---

❖ **ရထားခရီးစဉ်မှ**

အသွား၊အပြန် ပြေးဆွဲပေးခဲ့သည်။

ရထားစီးနင်းမှုအနေဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ပြည်နယ်ဆည်မြောင်းရုံးမှ ဝန်ထမ်းနှင့် မိသားစုများ၊ နမ့်စန်မြို့သူမြို့သားများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး နှစ်ခေါက်ပေါင်းခရီးသည် ရိုးရိုးတန်း ၃၇၂ ဦး၊ အထက်တန်း ဦးရေ ၁၂၀ စုစုပေါင်း ၄၉၂ ဦး၊ ဒီဇင်ဘာ ၂၆ ရက်တွင် လွယ်ကောင်းရွာနှင့် ပလီလင်းရွာတို့မှ မိသားစုများ၊ စဝ်စံထွန်းဆေးရုံဝန်ထမ်းများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်းဦးရေ ၆၀ စုစုပေါင်း ၂၄၆ ဦး၊ ဒီဇင်ဘာ ၂၇ ရက်တွင် Zumbar စက်ဘီးစီးအဖွဲ့များ၊ ပြည်နယ်စည်ပင်ရုံးဝန်ထမ်းမိသားစုများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး နှစ်ခေါက်ပေါင်းခရီးသည် ရိုးရိုးတန်း ၃၅၇ ဦး၊ အထက်တန်းဦးရေ ၁၂၀ စုစုပေါင်း ၄၇၇ ဦး နှင့် ဒီဇင်ဘာ ၂၈ ရက်တွင် ပြင်ပအင်္ဂလိပ်စာသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အမှတ်(၅) ဈေးသူ၊ဈေးသားများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်းဦးရေ ၆၀ စုစုပေါင်း ၂၄၆ ဦးဖြစ်ကြောင်း သိရသည်။

တောင်ကြီး–ပေါမှုခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲကြာမြင့်၍ တောင်ကြီးဘူတာမှ နံနက် ၉ နာရီတွင် စတင်ထွက်ခွာကာ လမ်းခရီး၌ ဘဝသံသရာအပိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးခဲ့ပြီး ပေါမှုဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါမှုဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ ထို့အတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်၌ တောင်ကြီးဘူတာသို့ ညနေ ၅ နာရီတွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး တောင်ကြီး–ပေါမှု အသွား၊ အပြန်ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး–ပေါမှု အသွား၊ အပြန်ခရီးစဉ်အတွက် အထက်ပါသတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက် (တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။ ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

( ခ ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

( င ) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

( စ ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံကို အသစ်ပြန်လည်တည်ဆောက်ပြီးစီး၍ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



မန္တလေး ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံကို အသစ်ပြန်လည် တည်ဆောက်ပြီးစီး၍ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြု၍ ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် ဆရာတော်၊သံဃာတော် ၁၁ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ် သုံးဆူအား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတွင်းရေးမှူး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ထံသို့လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဒုတိယပါမောက္ခချုပ်နှင့် ဆရာတော်၊ သံဃာတော်များထံသို့လည်းကောင်း ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီး ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန် သတ်မှတ်သည့် လက်ကျန်ရက်ကို ပြင်ဆင်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ ရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားခဲ့ပြီး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့)နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ ဒီဇင်ဘာ ၂၆ ရက်ကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ကာ တစ်ဆက်တည်းရုံးပိတ်ရက် လေးရက်အဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)ကို အစားထိုးရုံးတက်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)သည် နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်များနှင့်လွတ်လပ်ရေးနေ့ရုံးပိတ်ရက်အကြားရှိ ကြားရက်ဖြစ်နေခြင်း၊ နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်ကာလနှင့် တစ်ဆက်တည်းဖြစ်နေခြင်း၊ လွတ်လပ်ရေးနေ့ အကြိုကာလဖြစ်နေခြင်းတို့ကြောင့် စနေနေ့အစားထိုးရုံးတက်ရက်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)အစား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်(စနေနေ့)ကို ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တရားမ အထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၁/၂၀၂၅(မကွေး)၊ ၃၅/၂၀၂၅(ရောဝတီ)၊ ၃၆/၂၀၂၅(မကွေး)၊ ၃၉/၂၀၂၅(ရန်ကုန်)၊ ၄၀/၂၀၂၅(မန္တလေး)၊ ၄၄/၂၀၂၅(မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၉/၂၀၂၅(ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၃၈/၂၀၂၅(မန္တလေး)၊ ၄၁/၂၀၂၅(ပဲခူး)၊ ၄၇/၂၀၂၅(မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၆ ခုနှစ်) ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် “တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး”ဟူသည့် ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် “တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)ကို အကောင်အထည်ဖော်လျက်ရှိသည်။ မဟာဗျူဟာစီမံကိန်း၏ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ နှစ်စဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ“တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ ၂၀၂၆ ခုနှစ်အတွက် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်း အစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် ငါးရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကိုမြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှု စွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်ထိ သုံးနှစ်တာကာလအတွင်း ဦးစားပေးအဆင့်(၁)အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံ ဆောင်ရွက်ရန်ကိစ္စများကို




ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ စတုတ္ထနှစ်လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒီဇင်ဘာ ၂၁ ရက်မှ ၂၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# သန်လျင်မြို့နယ်ရှိ စွမ်းအင်ပြတိုက်ကို မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံဝင်း အတွင်း၌ စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ထားရှိသည်။

အဆိုပါပြတိုက်သို့ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ သန်လျင်မြို့နေပြည်သူများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်မြို့နှင့် သန်လျင်မြို့ရှိ စိတ်ပါဝင်စားသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ သန်လျင်စက်ရုံမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လာရောက်လေ့လာကြည့်ရှုကြပြီး လာရောက်လေ့လာကြသူများကို ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စွမ်းအင်ပြတိုက်ကို မြန်မာ့စွမ်းအင်ကဏ္ဍ၏ သမိုင်းကြောင်းများကိုသိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုသိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအတွက် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပြသခြင်းဖြစ်သည်။

ပြတိုက်တွင် ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ကာလထိ ခေတ်အလိုက်စုစည်း ပြသထားသော ပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ရုပ်ကြွပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျ ခင်းကျင်းပြသထားရှိပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌရုံးအဖွဲ့မှ ဦးမြင့်ဆွေအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အသိပေးနှိုးဆော်ချက်

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အလံတင်အခမ်းအနား၊ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်ဖျက်တွေမျှော်လင့်သလိုဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ၃၁-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို ဖမ်းဆီးငွေညှစ်ခေးပြတိုက်နေတဲ့ PDF ခေးပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄


**(ဏ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဗဟိုအဖွဲ့**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး




နေပြည်တော် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ လေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ လေးလုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၁၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ၇၁ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံများ လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

၎င်းအပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် ညအပူချိန်များ

( ၂၉ - ၁၂ - ၂၀၂၅ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟဲဟိုး | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | လွိုင်ကော် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၆၇၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၆၇၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဂျုံ ၉၃၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၇၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဂျုံဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေကို ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ဂျုံအထွက်တိုးအောင် မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဂျုံစိုက်ပျိုးရာ၌ လျာထားဧကပြည့်မီအောင် စိုက်ပျိုးရေး၊ ဂျုံအထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းခန့် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ဧကလျှင် ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူက ပြောပြ၍ သိရသည်။


ပန်းတနော်မြို့နယ်တွင် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''အရောင်းအဝယ် ဖြစ်နေတဲ့ ကန်စွန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ပိုးမွှားရောဂါလဲကင်းရှင်းပါတယ်။ စားသုံးသူတွေများတဲ့အတွက် အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ အခုနှစ် ကန်စွန်းဥ အရောင်းအဝယ်ကောင်းရတာက မနှစ်ကထက် ကန်စွန်းဥ စိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါအဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေတာပါ''ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းလာခြင်းသည် ကန်စွန်းဥနှင့်ဆက်စပ်သော လုပ်ငန်းများဖြစ်သည့် ကန်စွန်းဥပြုတ်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥကိတ်မုန့် စသည့်တို့ ပြုလုပ်ရောင်းချသူများက အဓိကဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**






# ဘဝဆိုတာတိုတိုလေး

**မိုးရှင်း**

မမျှော်လင့်ဘဲ ခင်မင်ရင်းနှီးသောမိတ်ဆွေနှစ်ဦးနှင့် မြို့ထဲကစာအုပ်ဆိုင်တစ်ဆိုင်မှာ ဆုံတွေ့မိကြသည်။ မိမိတို့သည် ငယ်ပေါင်းများတော့ မဟုတ်ခဲ့ပါ။ ကျောင်းနေဖော်သူငယ်ချင်းများလည်း မဟုတ်ကြပေ။ လွန်ခဲ့သော လေး၊ ငါးနှစ်တွင်မှ ဤကဲ့သို့ပင် စာအုပ်ဆိုင်၌ဆုံတွေ့ကြရာမှ စာဖတ်သူအချင်းချင်း စာကြောင်းပေကြောင်း စကားစပ်မိစပ်ရာကို ပြောဆိုကြရင်း ခင်မင်သိကျွမ်းသွားခဲ့ကြလေသည်။

အကြောင်းအားလျော်စွာ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်၊ သူ့အပေါင်းအသင်း၊ ကိုယ့်အပေါင်းအသင်းများနှင့် လက်ဖက်ရည်ဆိုင်မှာ တွေ့ဆုံ၍ စကားစမြည်ပြောဆိုလေ့ရှိကြသည်။ မိမိကား စာရေးရမှာ ထက်သန်တက်ကြွလှသလောက် စကားဝိုင်းတွင် စကားပြောဆိုခြင်းအရာတွင် အားနည်းပါ၏။ စကားများများလည်း ပြောစရာမရှိ။ စကားရှည်ရှည်လည်း ပြောလေ့မရှိ။ သူများပြောဆိုကြသောစကားကိုသာ စိတ်ဝင်တစားနားထောင်မှတ်သားခဲ့ပေသည်။ ကောင်းသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ ကန့်ကွက်ခြင်း၊ အချေအတင်ငြင်းခုံခြင်းတို့လည်း တစ်ခါမှ ဝင်မပြောခဲ့ဖူးပေ။

မိတ်ဆွေများအကြောင်း လေး၊ ငါးနှစ်ကြာပေါင်းလာပြီးမှ သူတို့အကြောင်းတီးမိခေါက်မိသိရှိရပြီဆိုမှ ကိုယ်ပြော၍ အကျိုးရှိလောက်လျှင် တစ်ခွန်းနှစ်ခွန်းဝင်ပြောပါသည်။ စာရေးနေသူဖြစ်သဖြင့် မပြောခင်ကြိုတင်စဉ်းစားချင့်ချိန်ပြီးမှသာ အကျိုးသင့်အကြောင်းသင့် လိုရင်းကို တိုတိုကျဉ်းကျဉ်းပြောခဲ့သဖြင့် သူတို့က ယခုတစ်လော မိမိသဘောထားကို မေးမြန်းလေ့ရှိပါ၏။

ပြည်ထောင်စုရွေးကောက်ပွဲက အောင်မြင်ထမြောက်နိုင်ပါမည်လား။ ဘယ်သူနိုင်လောက်သလဲ။ ရွေးကောက်ပွဲပြီးနောက် တိုင်းပြည်မှာ ဘာတွေများပြောင်းလဲနိုင်ပါသလဲ။ ဟိုလူသည်လူတွေက တစ်ယောက်တစ်ပေါက်မေးကြ၊ ဖြေကြ၊ ဆွေးနွေးကြလေသည်။ မိမိကတော့ မမြင်နိုင်သောအနာဂတ်ကို ဘာဖြစ်လာမည်၊ ဘာမဖြစ်နိုင်ဘူး၊ ဘာမှဝေဖန်သုံးသပ်ချက်မပေးပါ။

အတိတ်က လွန်ခဲ့ပြီ။ ပြီးခဲ့ပြီ။

သမိုင်းသည် အတိတ်ခြေရာများ၏မှတ်တမ်း။

အတိတ်သမိုင်းဆီသို့ ရုပ်ရှင်ပိတ်ကားမှာလို နောက်ပြန်ရစ်ပြီး ပြန်ပြ၍ရသော်လည်း ရုပ်ရှင်ဖလင်တည်းဖြတ်သကဲ့သို့ ဖြုတ်ချင်တာဖြုတ်၊ ဖြတ်တောက်၍ ထပ်ထည့်ချင်တာထည့် လုပ်နိုင်ခြင်းမရှိတော့ပါ။ ပြီးခဲ့သောအဖြစ်အပျက်များသည် သမင်လည်ပြန် ပြန်လှည့်ကြည့်လိုက်ပါက အကောင်းရောအဆိုးပါ တွေ့နိုင်ပါလိမ့်မည်။

အတိတ်ကိုစိတ်ကူးယဉ်ဝတ္ထုထဲကလို မိမိစိတ်ကြိုက်ပြန်ပြင်ဆင်ရန် မဖြစ်နိုင်တော့ပါ။ နောင်တရလည်း အပိုပဲ။ ပြန်တွေး၍ကျေနပ်နေလည်း ဘာမှထူးခြားမလာနိုင်တော့ပေ။ အတိတ်သမိုင်း၏တန်ဖိုးဆိုသည်ကား စနစ်တကျသုံးသပ်လေ့လာ၍ လက်ရှိအခြေအနေအတွက် ကောင်းသောနမူနာများကို ရွေးယူအသုံးချတတ်လျှင် အကျိုးရှိသည်။ ဆိုးခဲ့သော၊ လွဲမှားခဲ့သောသင်ခန်းစာများကို ပြန်လည်သုံးသပ်ကာ ယနေ့ပစ္စုပ္ပန်ကာလမှာ ထပ်မံမလွဲချော်အောင် ရှောင်ကွင်းရမည်။ သတိပြုတတ်ရမည်။ ဒါသည်ပင် သမိုင်းက သင်ခန်းစာပေးသဖြင့် ပညာတိုးခြင်းအကျိုးရလဒ်အစစ်ပေတည်း။

စာရေးသူက အတိတ်ကိုသာတန်ဖိုးထားပြီး ဖက်တွယ်နေသူလည်းမဟုတ်။ မိမိကောင်းစွာမမြင်သော၊ မသိသော(နောက်ကွယ်က အချက်အလက်များ)မည်မျှရှိနိုင်သည်ကို နားမလည်ဘဲ မိမိသိသမျှ၊ မြင်သမျှအပေါ်ယံမြင်ကွင်းလေးကိုကြည့်ကာ ဆန္ဒစွဲနှင့် ကောင်းသည်၊ ဆိုးသည်ပြောဆိုနေခြင်းမျိုးကိုလည်း မဖြစ်စေချင်။ အမြင်မတိုချင်။ စိတ်ကူးယဉ်မှန်းဆချက်တွေ မပြောချင်။

အကြောင်းတိုက်ဆိုင်လာ၍ အခြားအပေါင်းအဖော်တွေက ပြောပါဦးဟု ဖိတ်ခေါ်တိုက်တွန်းလွန်းလျှင်တော့ အချို့အခြင်းအရာများကို လိုရင်းမျှပြောပြမိပါ၏။ စိတ်ထဲပေါ်ရာ ထုတ်ဖော်ပြောဆိုမိသော လူ့ဘဝသက်တမ်းသည် နတ်တို့သက်တမ်း၊ ဗြဟ္မာတို့၏သက်တမ်းကဲ့သို့ စုတိကျရမည့်အတိုင်းအတာသက်တမ်းကို တိတိကျကျမရှိ။ လူတစ်ဦးချင်းစီအလိုက် ကွာခြားကွဲပြားသည်။

> ❖ လူ့ဘဝကို ကံကောင်းထောက်မစွာ အသက်ရှင်ကာရောက်လာကြသူချင်းတွင် အသက်တိုခြင်း၊ ရှည်ခြင်းသည် မနသိကာရတရားနှစ်ပါးနှင့်လည်း သက်ဆိုင်လိမ့်မည်ဟု စာရေးသူက ထင်မိပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ရွေးချယ်ဆုံးဖြတ်ချက်အပေါ်သာ မူတည်ပါလိမ့်မည်။ ၁။ ယောနိသောမနသိကာရ။ ပညာဉာဏ်နှင့်ယှဉ်၍ အမှန်တရားများကို အမှန်အတိုင်း ရှုမြင်သိမြင်ခြင်း။ ၂။ အယောနိသောမနသိကာရ။ အမှန်တရားကို အမှားဖြင့် သိမြင်ကြည့်ရှုမှတ်သားလျက် ထိုအမှား တရားအစုကိုပင် အမှန်ဟုမှတ်ယူစွဲသိနေခြင်း။ မူလတန်ဖိုးမြင့်မားလှသောလူသားဘဝ အသက်ရှိစဉ်ကာလတွင် တန်ဖိုးရှိသော ကောင်းကျိုးရရှိအောင်ကား ယောနိသောမနသိကာရ မိမိမှာ ရှိသင့်ကြလေသည်။ ❖

အချို့လူက အသက်တိုကြသည်။ အသက်တစ်နှစ်၊ နှစ်နှစ်မှာ သေဆုံးသွားခဲ့သူများရှိ၏။ လသားရက်သားမျှသာ လူ့ဘဝနေသွားရသည့် ကလေးငယ်ကလေးများလည်းရှိကြ၏။ အသက်ဘာကြောင့် သူက တိုရသနည်း။

အဓိကအကြောင်းရင်းအချက်ကား ထိုသူသည် သူတစ်ပါး၏ အထူးသဖြင့် လူသားချင်း၊ သတ်ဖြတ်ခဲ့ခြင်းအကုသိုလ်ဒုစရိုက်၏ ကံ-ကံ၏အကျိုးနိယာမအကြောင်းအကျိုးကြောင့်ပင်ဖြစ်လေသတည်း။

လူအချို့သည် အသက် ၇၀၊ ၈၀၊ ၉၀ ကျော်ထိ အသက်ရှည်ကြသည်။ သူတို့ကျ ဘာကြောင့်လူ့ဘဝသက်တမ်းရှည်ရပါသလဲ။

အထူးသဖြင့် ဆရာတော်၊ သံဃာတော်ကြီးများ သက်တော် ၈၀၊ ၉၀ ထိ လူ့ဘဝသက်တမ်းရှည်ကြ၏။

အဓိက အခြေခံအကြောင်းရင်းအင်အားကတော့ ယခင်ဘဝများက သူတစ်ပါး၏အသက်ကို ရန်မရှာဘဲ သတ်ဖြတ်၊ နှိပ်စက်၊ ကြမ်းကြုတ်၊ ဖိနှိပ်ခြင်းများကို ရှောင်ရှားလျက်၊ သူတစ်ပါးကို လူလူချင်းဖြစ်စေ၊ သတ္တဝါများကို မေတ္တာပို့ခြင်း၊ မေတ္တာထားခြင်း၊ အစားအစာကျွေးမွေးခြင်း၊ အရိပ်အကာပေး၍ စောင့်ရှောက်ခြင်း၊ အသက်ရှည်အောင် ဆေးဝါးကုသပေးခြင်း စသည်တို့ သူတစ်ပါးကို စာနာ၊ ကြင်နာ၊ အရေးထား၊ လေးစားပြုမူဆက်ဆံသောအကြောင်းရင်းခံရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ကမ္မနိယာမပေတည်း။

ဤသို့ဆိုလျှင် ပစ္စုပ္ပန်ကံကို စီမံဖန်တီးလျက် အသက်ရှည်အောင်ပြုမူလုပ်ဆောင်၍ မရဘူးလား။ အဖြေက ရပါသည်။

အသက်ရှည်စေသော အကြောင်းတရားများကို လိုက်နာလုပ်ဆောင်လျှင် ထိုလူသည် အသက်အရွယ်ကြီးသူဖြစ်စေ၊ ငယ်သူပင်ဖြစ်စေ၊ ယခင်ကထက် ပို၍ အသက်ရှည်စေလိမ့်မည်ဖြစ်ပါသည်။ ဤအကြောင်းကို စာရေးသူက ထုတ်ဖော်ဆွေးနွေးသောအခါစကားဝိုင်းမှာပါဝင်နေကြသူအားလုံးလိုလိုက ဤအကြောင်းအချက်များကို ပြောပြပါဟု တိုက်တွန်းကြ၊ မေးမြန်းကြလေသည်။ သိသူကို ကောင်းကျိုးရစေနိုင်ခြင်း၊ နားထောင်သူများကိုယ်တိုင် စိတ်ဝင်တစားလိုလားခြင်းနှင့် မျှဝေပြောဆိုခြင်းအားဖြင့် မည်သူ့ကိုမှလည်း နစ်နာထိခိုက်စေခြင်းမရှိသဖြင့် ပြောပြဖြစ်ခဲ့ပါ၏။

စာရေးသူမှတ်မိသမျှ ဖော်ပြရသဖြင့် အလုံးစုံ ပြီးပြည့်စုံပြီ။ ထပ်ဖြည့်ရန်မရှိဟု ယတိပြတ်မပြောပါ။ ပညာကြီးသူ၊ ဉာဏ်ကျယ်ဝန်းသူ၊ ဗဟုသုတပိုမိုပြည့်စုံကြသူများက ဖြည့်စွက်နိုင်ပါသည်။

လူတို့အသက်ရှည်စေသော အကြောင်းတရားများကား အောက်ပါအချက်များဖြစ်ကြပါသည်။ သိရုံသက်သက်မျှသာမက ဘဝတွက်တာအသုံးချလျှင် ထင်ရှားစွာ ကောင်းကျိုးရစေပါလိမ့်မည်။

၁။ အပြုအမူ၊ အလုပ်အကိုင်၊ အပြောအဆို၊ အနေအထိုင်၊ မိမိနှင့်သင့်လျော်ရာကိုသာပြုခြင်း။

၂။ လျောက်ပတ်ရာကိုသာ ပြုသည်ဆိုရာတွင်လည်း အတိုင်းအရှည်(အထူအပါးချင့်ချိန်)သိရှိခြင်း။

၃။ ကြေလွယ်သောအစာကိုသာ စားခြင်း။

၄။ ငါးပါးသီလနှင့်ပြည့်စုံခြင်း။

၅။ မိတ်ဆွေခင်ပွန်းကောင်းရှိခြင်း။

(ယခုလို ကျွန်တော်နှင့်ဆုံတွေ့ရတာမျိုးပေါ့ဗျာ ဟုပြောသောအခါ အားလုံးကရယ်မောကြလေ၏။)

၆။ မေထုန်မှုနည်းပါး၊ မြတ်သောကိုယ်ကျင့်တရားရှိခြင်း။

(ဤအချက်ကိုပြောသောအခါ အသက် ၆၀ ကျော်သော်လည်း ကာရာအိုကေ၊ မာဆတ်အနှိပ်ခန်းများဆီသို့ အတူသွားလေ့ရှိသော အဘိုးကြီးနှစ်ဦးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်လုံးပြူးပြနေကြလေသည်။)

၇။ မိမိနှင့်သင့်လျော်သော စားမှု၊ သွားမှု၊ နေမှု၊ အိပ်မှု စသည်တို့ကို အချိန်အားလျော်စွာပြုလေ့ရှိခြင်း၊ စနစ်တကျအချိန်မှန်ခြင်း။

၈။ အသက်ရှည်ရာသောကောင်းမှုကုသိုလ်ဒါနများပြုခြင်း(ဥပမာ-ဆေးဝါးအလှူ၊ ကျောင်း၊ တန်ဆောင်း၊ တံတား၊ ဇရပ်အဟောင်းအဆွေးအဆိုအပျက်များကို ပြုပြင်ခြင်း၊ အသစ်ဆောက်၍လှူခြင်း။)

၉။ လူလူချင်းလေးစားမှု၊ စာနာမှု၊ ကြင်နာမှု၊ အကျိုးဆောင်မှု၊ ကူညီမှုဖြင့် ဆက်ဆံတတ်ခြင်း။

၁၀။ အိပ်ရာဝင်အိပ်ရာထ၊ သတ္တဝါဝေနေယျကို နှုတ်ဖြင့် ထုတ်ဖော်ရွတ်ဆိုလျက် မေတ္တာပို့သခြင်း။

(သဗ္ဗေသတ္တာ၊ အဝေရာဟွန္တု၊ အလုံးစုံသောသတ္တဝါသက်ရှိအားလုံးတို့သည် ဘေးရန်ခပ်သိမ်းမှ ကင်းငြိမ်းကြပါစေ စသည်...)

ရင်းနှီးခင်မင်သူများပင်ဖြစ်စေ၊ အခြေအနေ၊ အချိန်အခါအရ မိမိပြောပြသည့်စကားကို စိတ်ဝင်တစား တလေးတစားနားထောင်လိုခြင်း၊ နားဝင်နိုင်လောက်ခြင်းမရှိပါက လေထဲမှာပဲ ပျောက်သွားမည့်စကားဖြစ်နေမည့်အတူတူ မပြောဘဲနေခြင်းမျိုးကိုသာ စာရေးသူက နှစ်သက်ပါသည်။ ထို့ကြောင့် စည်ကြီးကဲ့သို့မတီးလျှင်မမြည်၊ တီးမှမြည်ရသည်ဟူသောသဘောကို ကြိုက်ပါသည်။

ငွေကြေးစာမူခမက်မောလောက်အောင်ရသည်လည်းမဟုတ်၊ ထင်ပေါ်ကျော်ကြားချင်၍ ရေးနေခြင်းလည်းမဟုတ်။ ဤမျှစာတွေများများရေးနေသဖြင့် တစ်စုံတစ်ရာ၊ ဆု၊ တံဆိပ်၊ ရာထူးရာခံတိုးရန် ကြိုးစားခြင်းမျိုးလည်းမဟုတ်။ စာဖတ်ဝါသနာပါသည်။ စာပေစုဆောင်းလေ့လာသည်။ သိရသမျှသူတစ်ပါး၊ လူအများသိသင့်သည်ကို သိကြပါစေ၊ ခံစားပါစေဟု မျှဝေခြင်းစေတနာအရင်းခံသည်သာရှိပါ၏။ သိသမျှထဲက အချို့ကိုသာ ကောက်နုတ်ရွေးချယ်၍ပြောဆိုဆွေးနွေးပါသည်။

ဥပမာဆိုပါစို့-

လူ့ဘဝကို ကံကောင်းထောက်မစွာအသက်ရှင်ကာ ရောက်လာကြသူချင်းတွင် အသက်တိုခြင်း၊ ရှည်ခြင်းသည် မနသိကာရတရားနှစ်ပါးနှင့်လည်း သက်ဆိုင်လိမ့်မည်ဟု စာရေးသူက ထင်မိပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ရွေးချယ်ဆုံးဖြတ်ချက်အပေါ်သာ မူတည်ပါလိမ့်မည်။

**၁။ ယောနိသောမနသိကာရ။** ပညာဉာဏ်နှင့်ယှဉ်၍ အမှန်တရားများကို အမှန်အတိုင်း ရှုမြင်သိမြင်ခြင်း။

**၂။ အယောနိသော မနသိကာရ။** အမှန်တရားကို အမှားဖြင့်သိမြင်ကြည့်ရှုမှတ်သားလျက် ထိုအမှားတရားအစုကိုပင် အမှန်ဟုမှတ်ယူစွဲသိနေခြင်း။

မူလတန်ဖိုးမြင့်မားလှသော လူသားဘဝအသက်ရှိစဉ်ကာလတွင် တန်ဖိုးရှိသောကောင်းကျိုးရရှိအောင်ကား ယောနိသောမနသိကာရ မိမိမှာရှိသင့်ကြလေသည်။ စိတ်ထဲပေါ်ရာ အောက်ပါကဗျာလင်္ကာဖြင့် နိဂုံးချုပ် ဖော်ပြပါရစေ။

**အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား**
**တိမ်တခဲနက်၊ ကြည့်ရင်းပျက်သို့**
**ရေပွက်ပမာ၊ ခဏသာတည့်။**
**မမြဲ၊ ဆင်းရဲ၊ မပိုင်ဘဲကို၊**
**စိတ်လိုမလိုက်**
**အကြိုက်မရှာ၊ သင့်တင့်စွာဖြင့်**
**နှလုံးမှာရောင့်ရဲ၊ မလွဲချမ်းသာ**
**အေးချမ်းရာတည့်၊**
**ဘဝဆိုတာ တိုတိုလေး။**

# အရှိန်အဟုန်ဖြင့်တိုးတက်လာနေသည့် အိန္ဒိယနိုင်ငံ၏စီးပွားရေး

မောင်ဝေလွှမ်း(သုတေသီ)

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် လျင်မြန်စွာ တိုးတက်လာသကဲ့သို့ စီးပွားရေးပမာဏသည်လည်း သိသိသာသာ ကြီးထွားလာလျက်ရှိသည်။ တိုးမြင့်လာသည့် လူဦးရေ၊ နည်းပညာတိုးတက်မှု၊ ဈေးကွက်ကြီးမားမှု၊ ထုတ်ကုန်မြင့်မားမှုနှင့် ကျယ်ပြန့်လာသည့် ဝန်ဆောင်မှုတို့က စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ စီးပွားရေးတံခါးဖွင့်ဝါဒကျင့်သုံးခဲ့သည့် အချိန်မှ အစပြု၍ ကမ္ဘာ့အဆင့်မီစီးပွားရေး၊ ထိုမှတစ်ဆင့် ကမ္ဘာ့ထိပ်တန်းစီးပွားရေးဖြစ်ရေးတို့သည် ဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လွင်လာနေသည်။

**သယံဇာတထွက်ရှိမှု**

အိန္ဒိယနိုင်ငံသည် သယံဇာတပစ္စည်းကြွယ်ဝသော နိုင်ငံဖြစ်သည်။ စက်မှုနိုင်ငံအဖြစ် ချီတက်နေသော အချိန်ကာလ၌ပင် နိုင်ငံတွင်းအသုံးပြုရန်အတွက် ကျောက်မီးသွေးဖူလုံသည့်အပြင် နိုင်ငံခြားသို့ပင်တင်ပို့နိုင်သည်။ ဒက္ခိဏကုန်းပြင်မြင့် အလယ်ပိုင်း၊ ဘင်္ဂလား၊ ဘီဟာ၊ ဩရိဿစသော အရှေ့မြောက်ဘက်ဒေသများ၌ ပမာဏအမြောက်အမြား ထွက်ရှိနိုင်သော ကျောက်မီးသွေးတွင်းများရှိသည်။ တစ်နိုင်ငံလုံးအတွက် လုံလောက်မှုမရှိသည့်တိုင် အာသံပြည်နယ် အရှေ့ပိုင်းမှရေနံကိုလည်း ထုတ်ယူအသုံးပြုလျက်ရှိသည်။ သို့သော် ရေနံအထွက်ကောင်းရန် အလားအလာရှိသော ဒေသများမှာ အနောက်ဘင်္ဂလားပြည်နယ်၊ ပန်ဂျပ်ပြည်နယ်၊ ဟိမာချယ်ဒေသ၊ ဂျမူးနှင့်ကက်ရှ်မီးယား၊ ဂင်္ဂါမြစ်ဝှမ်း၊ မဒရပ်ကမ်းရိုးတန်း၊ ကဲရာလာကမ်းရိုးတန်း၊ ကပ္ပလီကျွန်းနှင့် နီကိုဗာကျွန်းတို့ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံမှ သံအကောင်းစား အမြောက်အမြား ထွက်ရှိသည်။

ကာနတကပြည်နယ် အရှေ့တောင်ပိုင်း ကိုလာခရိုင်မှ ရွှေနှင့်ငွေအများဆုံး ထွက်သည်။ ထိုဒေသရှိ ရွှေတွင်းများ၏ အနက်သည် နှစ်မိုင်ခန့် ရှိသည်ဟု ဆိုကြသည်။ စိန်၊ မြအစရှိသော ကျောက်မျက်ရတနာများလည်းထွက်ရှိသည်။ ဗီဟာပြည်နယ်၌ပင်မိုင်၈၀ခန့်ရှည်လျားသော ကြေးနီကြောကြီးရှိ၍ ရာဇဌာန်၌ တွေ့ရှိထားသော ကြေးနီကြောကြီးကိုမူ စူးစမ်းလေ့လာနေဆဲဖြစ်သည်။ ရာဇဌာန်၊ မဟာရဋ္ဌပြည်နယ်တို့၌ ဆားအိုင်များရှိ၍ ဟိမာချာဒေသတွင် ဆားတွင်းများရှိသည်။ ပင်လယ်ကမ်းရိုးတန်းဒေသအများအပြား၌ ပင်လယ်ရေကို ဆားချက်သော လုပ်ငန်းများ အများအပြားလုပ်ကိုင်ကြသည်။

**စိုက်ပျိုးရေးလုပ်ငန်း**

အိန္ဒိယနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ နိုင်ငံ၏ ဝင်ငွေထက်ဝက်ခန့်သည် စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသည်။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းအများစုကို နိုင်ငံခြားသို့ ကုန်ကြမ်းအဖြစ်တင်ပို့သည်။ အခြားစားသုံးကုန်ပစ္စည်းများအနက် လက်ဖက်ခြောက်သည် နိုင်ငံခြားဝင်ငွေရရှိမှု အများဆုံးဖြစ်သည်။ ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြသည့်အပြင် ကြံကိုလည်းအမြောက်အမြား စိုက်ပျိုးကြကြောင်း၊ အိန္ဒိယနိုင်ငံသည် သကြားအထွက်များသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရေ၊ မြေအဆင်ပြေသော ဒေသများတွင် သစ်သီးဝလံ အမျိုးပေါင်းများစွာ စိုက်ပျိုးဖြစ်ထွန်း၍ သရက်သီးသည် အိန္ဒိယနိုင်ငံ၏ အထင်ရှားဆုံးသစ်သီးဖြစ်သည်။ စားသောက်ကုန်မဟုတ်သော စိုက်ပျိုးရေးထွက်ကုန်များအနက် ဝါဂွမ်း၊ ဂုန်လျှော်၊ ရော်ဘာတို့သည် အရေးပါသော ထွက်ကုန်များဖြစ်သည်။

**စက်မှုလုပ်ငန်း**

အိန္ဒိယနိုင်ငံသည် စက်မှုနိုင်ငံအဖြစ်သို့ အရှိန်ကောင်းကောင်းဖြင့် ချီတက်လျက်ရှိသည်။ ခရစ် ၁၈၇၀ ပြည့်နှစ်ခန့်မှစ၍ အိန္ဒိယနိုင်ငံတွင် စက်မှုလုပ်ငန်းများ အတော်အတန် အခြေစိုက်ပြီးဖြစ်နေသည်။ အိန္ဒိယနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများတွင် အထည်အလိပ်ရက်လုပ်သော လုပ်ငန်းသည် အကြီးကျယ်ဆုံးဖြစ်သည်။ သကြား၊ သားရေနှင့် ရော်ဘာအထည်ပစ္စည်းများ၊ ဆေးလိပ်လုပ်ငန်း၊ ဟင်းသီးဟင်းရွက်ဆီကြိတ်လုပ်ငန်း၊ လက်ဖက်ခြောက်လုပ်ငန်း၊ စက္ကူလုပ်ငန်း စသည်တို့ကို စက်ရုံများ၌လည်းကောင်း၊ အိမ်တွင်းမှုလုပ်ငန်းအဖြစ်လည်းကောင်းလုပ်ကိုင်ကြသည်။ ယခုအခါ ဝန်လေးစက်ပစ္စည်းများဖြစ်သော မီးရထားစက်ခေါင်းနှင့်တွဲများထုတ်လုပ်ခြင်း၊ လေယာဉ်ပျံ၊ မော်တော်ယာဉ်၊

**❖ အိန္ဒိယနိုင်ငံတွင် သွင်းကုန်များထက် ပို့ကုန်များပမာဏပိုမို၍ တိုးတက်မြင့်မားလာခဲ့ခြင်းသည် ပြည်တွင်းစက်မှုလက်မှုကဏ္ဍ တိုးတက်လာစေရန်အတွက် အင်အားကြီးမားသော တွန်းအားတစ်ရပ် ဖြစ်လာခဲ့ပြန်သည်။ ဘဏ္ဍာရေးနှင့်စာရင်းကိုင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အာမခံဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးဝါးကုသခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများက အိန္ဒိယနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြားကို ရရှိစေခဲ့သည်။ ❖**

စက်ဘီးစသည်တို့ကို နိုင်ငံတွင်း၌ တပ်ဆင်ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိခြင်းကြောင့် လူသုံးပစ္စည်းနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ပိုမိုထုတ်လုပ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် သွင်းကုန်များထက် ပို့ကုန်များပမာဏပိုမို၍ တိုးတက်မြင့်မားလာခဲ့ခြင်းသည် ပြည်တွင်းစက်မှု လက်မှုကဏ္ဍတိုးတက်လာစေရန် အတွက် အင်အားကြီးမားသော တွန်းအားတစ်ရပ် ဖြစ်လာခဲ့ပြန်သည်။ ဘဏ္ဍာရေးနှင့်စာရင်းကိုင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အာမခံဝန်ဆောင်မှု လုပ်ငန်းများ၊ ဆေးဝါးကုသခြင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများက အိန္ဒိယနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြားကို ရရှိစေခဲ့သည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်းတွင် ပြည်တွင်း၊ ပြည်ပသုံးရန်အတွက် ခရီးသည်တင်ယာဉ် ၅၀၆၁၁၆၄ စီး၊ လုပ်ငန်းသုံးယာဉ် ၁၀၃၂၆၄၅ စီးနှင့် သုံးဘီးယာဉ် ၁၀၅၀၀၂၀ စီး ထုတ်လုပ်နိုင်ခဲ့သည်။

**တံခါးဖွင့်ဝါဒ၏သက်ရောက်မှု**

၁၉၉၀ ခုနှစ်များတွင် အိန္ဒိယနိုင်ငံက စီးပွားရေး တံခါးဖွင့်ဝါဒကျင့်သုံးလာခဲ့မှုကြောင့် နိုင်ငံတကာနှင့် ကုန်သွယ်ဆက်ဆံမှုအပြင် သံတမန်ဆက်ဆံမှုများပါ လိုက်လျောညီထွေစွာ တိုးတက်လာခဲ့သည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံသည် မိမိ၏စီးပွားရေးကို နိုင်ငံတကာ စီးပွားရေးများနှင့် အောင်မြင်စွာ ပေါင်းစည်းပေးနိုင်ခဲ့သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ချိန်မှ စတင်ကာ အိန္ဒိယပြည်ပဆက်ဆံရေးနှင့် ပြည်ပကုန်သွယ်ရေး ကဏ္ဍများ ထူးခြားစွာတိုးတက်ပြောင်းလဲလာခဲ့သည်။ အိန္ဒိယနိုင်ငံသည် အဆင့်မြင့်နည်းပညာသုံးကုန်ပစ္စည်းများကို ပိုမို၍ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်စွမ်း ရှိလာခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ယခင်ကထက် ပိုမိုအံ့ဝင်ခွင်ကျဖြစ်လာပြီး ကမ္ဘာ့ဈေးကွက်များအတွင်း ပိုမိုနက်ရှိုင်းထိရောက်စွာ ထိုးဖောက်ကုန်သွယ်လာနိုင်ခဲ့ခြင်းဖြစ်သည်။ နည်းပညာအသစ်အဆန်းများ ထွန်းကားပေါ်ပေါက်လာခြင်းကြောင့် ကုန်ထုတ်လုပ်မှုနည်းစနစ်များ တိုးတက်ပြောင်းလဲလာခဲ့သည်။ အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံတချို့က ကုန်ကြမ်းတင်ပို့ရောင်းချခြင်း စီးပွားရေးပုံစံမှ ကုန်ချော၊ စက်မှုထုတ်ကုန်ပစ္စည်းများ ရောင်းချသည့် စီးပွားရေးစနစ်ဆီသို့ ကူးပြောင်းတိုးတက်လာခဲ့ကြရာ ထိုနိုင်ငံများတွင် အိန္ဒိယနိုင်ငံလည်းပါဝင်ခဲ့သည်။

ယခင်ကအိန္ဒိယနိုင်ငံ၏ ပြည်ပပို့ကုန်များသည် အဓိကအားဖြင့် ဟင်းခပ်အမွှေးအကြိုင်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာများနှင့် အထည်အလိပ်များသာဖြစ်ခဲ့သည်။ မကြာသေးမီကာလများမှစတင်၍ အိန္ဒိယပို့ကုန်ပစ္စည်းများ ပြောင်းလဲလာကာ အဆင့်မြင့်နည်းပညာသုံးစက်မှု ထုတ်ကုန်များသို့ တဖြည်းဖြည်း တိုးတက်ကူးပြောင်းလာခဲ့သည်။ အိန္ဒိယနိုင်ငံအပါအဝင် တိုးတက်လာသော နိုင်ငံအများစုက ၂၀၀၂ ခုနှစ်မှစ၍သွင်းကုန်များအပေါ် ကောက်ခံသည့် အခွန်နှုန်းထားများကို ထက်ဝက်နီးပါးလျှော့ချပေးနိုင်ခဲ့သဖြင့် နိုင်ငံတကာ ကုန်သွယ်မှုပမာဏမှာလည်း အချိုးကျလိုက်၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ခြင်းဖြစ်သည်။

**လျင်မြန်စွာတိုးတက်လာနေသည့်အိန္ဒိယစီးပွားရေး**

၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးသည် ရောထွေးနေသော လက္ခဏာများ၏ ကာလတစ်ခုကို ရင်ဆိုင်နေရသည်။ အမေရိကန်၊ ဥရောပနှင့် အရှေ့အာရှဒေသအချို့တွင် တိုးတက်မှုနှေးကွေးသည့် လက္ခဏာများပြသနေချိန်တွင် အိန္ဒိယနိုင်ငံသည် ရှေ့သို့အလျင်အမြန် တိုးတက်လျက်ရှိနေသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အဆိုအရ အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မှုနှုန်းရရှိရန် မျှော်လင့်ထားပြီး အဓိကစီးပွားရေးနိုင်ငံများထဲတွင် အမြင့်ဆုံးတစ်ခုဖြစ်သည်။

**အိန္ဒိယစီးပွားရေး ၂၀၂၅ တိုးတက်မှုကို မောင်းနှင်နေသည့်အရာများ**

အိန္ဒိယနိုင်ငံ၏ အထင်ကြီးဖွယ် စီးပွားရေး စွမ်းဆောင်ရည်ကို အခြေခံသည့် အချက်များစွာရှိသည်။ အဓိကအားဖြင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံသည် လမ်း၊ ဆိပ်ကမ်းနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် အသုံးစရိတ်များ တိုးမြှင့်ခဲ့ပြီး ထုတ်လုပ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကို ကန့်သတ်ထားသည့် ရေရှည်ပိတ်ဆို့မှုများကို လျှော့ချရန် ရည်ရွယ်ခဲ့သည်။ ဘာရတ်မာလာလမ်း (Bharatmala) ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မွန်ဘိုင်းနှင့် ချန်နိုင်းကဲ့သို့သော အဓိကဆိပ်ကမ်းများ တိုးချဲ့မှုကဲ့သို့သော မီဂါပရောဂျက်များသည် ပြည်တွင်းကုန်သွယ်ရေးစွမ်းဆောင်ရည်ကို တိုးတက်စေရုံသာမက ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက် ပေါင်းစည်းမှုကိုလည်း အထောက်အကူပြုလျက်ရှိသည်။

နည်းပညာတင်ပို့မှုသည် နောက်ထပ်အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ IT ကဏ္ဍသည် ၎င်းစီးပွားရေး၏ အုတ်မြစ်တစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ အစဉ်အလာအရ ဆော့ဖ်ဝဲလ်ဝန်ဆောင်မှုများထက် ကျော်လွန်ပြီး တိုးတက်ပြောင်းလဲလျက်ရှိသည်။ Cloud Computing၊ AI နှင့် ငွေကြေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုနည်းပညာဆန်းသစ်တီထွင်မှုများကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ အိန္ဒိယနည်းပညာကုမ္ပဏီများသည် ကမ္ဘာ့ဈေးကွက်တွင် ပိုမိုခိုင်မာသည့် ခြေကုပ်ယူမှုကို ရရှိလျက်ရှိသည်။ Infosys၊ TCS နှင့် Wipro ကဲ့သို့သော ကုမ္ပဏီများက ၎င်းတို့၏ နိုင်ငံတကာလုပ်ငန်းဆောင်တာများကို တိုးချဲ့လျက်ရှိပြီး ဆီလီကွန်တောင်ကြားရှိ စွန့်ဦးတီထွင်သူများ၏ အကဲဖြတ်မှုမပါရှိဘဲ နည်းပညာတိုးတက်မှုကို ထိတွေ့လိုသည့် အမေရိကန်ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိသည်။

ထုတ်လုပ်မှုသည်လည်း ပြန်လည်နိုးထလာနေသည်။ Make in India ကဲ့သို့သော အစိုးရ၏ အစီအစဉ်များသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်နှင့် အီလက်ထရွန်နစ်၊ မော်တော်ကားနှင့်ဆေးဝါးများကဲ့သို့သော ကဏ္ဍများတွင် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန်ရည်ရွယ်သည်။ အလုပ်သမားဦးရေကောင်းမွန်သော အခြေအနေနှင့်အတူ ဤအစီအစဉ်များသည် အိန္ဒိယကို ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ရေးဗဟိုချက်အဖြစ် ပြောင်းလဲလျက်ရှိသည်။ လက်ရှိတွင် အိန္ဒိယ၏ GDP သည် ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံဖြင့် ကမ္ဘာ့အဆင့် ၅ တွင်ရပ်တည်နေရာမှ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့် ၃ နေရာသို့ရောက်ရှိရန် မျှော်မှန်းထားသည်ကို တွေ့ရှိရသည်။ ကုန်ထုတ်လုပ်မှုနှင့်တည်ဆောက်ရေးလုပ်ငန်းသည်နှစ်စဉ် ၈ ဒသမ ၆ ရာခိုင်နှုန်းထိ တိုးလာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၉၀ ဒသမ ၉၇ ဘီလီယံရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၅၅ ဒသမ ၆ ဘီလီယံရှိခဲ့သည်။

အချုပ်ဆိုရလျှင် ယခုအခါ အိန္ဒိယ၏ စီးပွားရေးတိုးတက်မှုသည် အရှိန်အဟုန်ကောင်းရရှိလာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် လူအများစုသည် လယ်သမားများဖြစ်သော်လည်း ယခုအခါ အဆင့်မြင့်နည်းပညာသုံးကုန်ပစ္စည်းများကို ပိုမို၍ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်စွမ်းရှိလာခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံက ယခင်ကထက် ပိုမိုအံ့ဝင်ခွင်ကျဖြစ်လာပြီး ကမ္ဘာ့ဈေးကွက်များအတွင်း ပိုမိုနက်ရှိုင်းထိရောက်စွာ ထိုးဖောက်ကုန်သွယ်လာနိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံ GDP ၏ ၇၀ ရာခိုင်နှုန်းသည် ပြည်တွင်းသုံးစွဲမှုဖြစ်ပြီး ကျန် ၃၀ ရာခိုင်နှုန်းသည် ကမ္ဘာ့တတိယအကြီးမားဆုံး စားသုံးသူဈေးကွက်ဖြစ်စေသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုနှစ်နိုင်ငံမြောက် အကြီးမားဆုံးတင်သွင်းသူနှင့် ၁၀ နိုင်ငံမြောက် ကမ္ဘာ့အကြီးဆုံးတင်ပို့သူဖြစ်လာသည်။ သို့ဖြစ်၍ အိမ်နီးချင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် အရင်းအမြစ်၊ နည်းပညာနှင့်ခိုင်မာသည့် စက်မှုလုပ်ငန်းများနှင့်အတူ အရှိန်အဟုန်ကောင်းများဖြင့် ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

**- www.whalesbook.com/news/English/ mutual-funds, December 2025.**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၁၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၈၃။ | ဦးရှောက်ဆမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၁၀၆၈၄။ | ဦးဇာနည်ရွှေလှိုင်နှင့်ဇနီး ဒေါ်နီနီဝင်း မိသားစုကောင်းမှု | ၉၀၀၀၀၀ |
| ၁၀၆၈၅။ | ဦးတင်နှင့်ဇနီး ဒေါ်အိဇာထွေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၆၈၆။ | ဒေါ်ဝင်းဝင်းမြိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၈၇။ | ကိုနိုင်ဝင်းနှင့်ဇနီး မသီသီညွန့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၆၈၈။ | ကွယ်လွန်သူဒေါ်မြမြဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၈၉။ | ဦးကျော်ကျော်နိုင်နှင့်ဇနီး ဒေါ်မြတ်မျိုးစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၀။ | ဦးအောင်သူရဝင်းနှင့်ဇနီး ဒေါ်သန္တာလင်း၊ (သား)မောင်ခန့်တည်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၁။ | ဦးဇော်ဇော်လတ်နှင့်ဇနီး ဒေါ်မြင့်မြင့်ထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၂။ | ကိုအောင်ကျော်မျိုးနှင့်ဇနီး မကေဇင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၃။ | ဦးကျော်ကျော်မြင့်နှင့်ဇနီး ဒေါ်ကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၄။ | ဦးမျိုးကိုကိုအောင်နှင့်ဇနီး ဒေါ်ဝင်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၅။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်ထားယုနိုင်၊ (သား)မောင်သျှံဘုန်းထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၆။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်ကြည်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၇။ | ကိုရန်နိုင်လင်းနှင့်ဇနီး မချိုချိုထွန်းစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၈။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ခင်မာသန်း၊ (သမီး)မလှိုင်ဝေဝေဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၉။ | ဦးမြင့်သောင်းနှင့်ဇနီး ဒေါ်အေးအေးမူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၀။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်ဟေမာလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၁။ | ကွယ်လွန်သူဦးစောကျော်စိန်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၂။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်တင်မော်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၃။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၄။ | ဦးစောသိန်းဦးနှင့်ဇနီး ဒေါ်ဝင်းကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၅။ | ကွယ်လွန်သူမကေခိုင်သင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၆။ | ကွယ်လွန်သူဦးကျော်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဟန်ထွန်းနှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၈။ | ကိုခန့်ရှိန်းနှင့်ဇနီး မနှင်းပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၉။ | ကွယ်လွန်သူဦးမောင်အားရည်စူး၍ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၁၀။ | ဦးသန်းမြင့်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၁၁။ | ကိုကျော်ဖုန်းမြင့်မိသားစုကောင်းမှု | ၉၉၀၀၀ |
| ၁၀၇၁၂။ | ဦးထင်ကျော်သူနှင့်ဇနီး ဒေါ်ခင်နန္ဒာမြင့်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၁၀၇၁၃။ | ဒေါ်အေးကြည်မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၁၀၇၁၄။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်စိုးမြင့်နိုင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၇၁၅။ | ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၇၁၆။ | ဦးငွေစိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၇။ | ဦးမောင်နိုင်နှင့်ဇနီး ဒေါ်သန္တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၈။ | ဦးဘိုဘိုကျော်နှင့်ဇနီး ဒေါ်ချောစုဇင်၊ (သား)မောင်အားမာန်ပြည့်၊ (သမီး)မထက်ဆုယွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၉။ | ဦးကောင်းထက်လွင်နှင့်ဇနီး ဒေါ်ဆုဝေလွင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၀။ | ဦးမြကြိုင်နှင့်ဇနီး ဒေါ်ကြင်ငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၁။ | ကိုကောင်းခန့်စိုးနှင့်ဇနီး မခင်ဆုမြတ်နိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၂။ | ဦးမျိုးစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၃။ | ဒေါက်တာစိုးမြင့်ထွန်းနှင့်ဇနီး ဒေါက်တာမိုးမိုး၊ (သမီး)ဒေါက်တာဇာလီရွှန်းလဲ့ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၄။ | ဒေါ်ယဉ်နွယ်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၅။ | ဦးစံလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၆။ | ကိုအေးနှင့်ဇနီး မယဉ်မင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၇။ | ဦးထွန်းခင်နှင့်ဇနီး ဒေါ်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၈။ | ဦးအောင်ထွန်းဦးနှင့်ဇနီး ဒေါ်ချိုချိုမာ၊ (သား)မောင်အောင်မြင့်မြတ်၊ မောင်သွင်ထူးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၉။ | ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒေါ်နန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၀။ | ဦးသက်နိုင်နှင့်ဇနီး ဒေါ်မေချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၁။ | ကိုကျော်စန်းဦးနှင့်ဇနီး ဒေါ်ဇင်မာနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ခင်ပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၃။ | ဦးကျော်လင်းနှင့်ဇနီး ဒေါ်ခင်ပြုံးဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၄။ | ဦးကျော်ဇင်ညွန့်နှင့်ဇနီး ဒေါ်မြတ်လေးငယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၅။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ကေသီကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပါယ်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ရင်ကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၈။ | ဦးဇင်ဘိုဘိုထွန်းနှင့်ဇနီး ဒေါ်ဝင်းမြတ်မွန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၉။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်သိင်္ဂီကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုပြည့်ဖြိုးအောင် နှင့်ဇနီး မဖြိုးဇင်ခိုင်၊ (သမီး)မသွန်းဖြိုးရတီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၁။ | ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၂။ | ကိုဇာနည်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၃။ | ဦးမောင်မောင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၄။ | ဒေါ်စန္ဒာအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၅။ | ဦးစိုးထိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

တိလစ်မြေစက်ရုံ(တန် –၄၀၀၀) မြိုင်ကလေး နှင့် တိလစ်မြေစက်ရုံ(တန် –၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၃ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇


ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇







“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရေသန့်ရပ်ကွက်နေ ဦးသိုက်ထွန်း + ဒေါ်မိုးမိုးသွယ်တို့၏ သမီး မငြိမ်းချမ်းထွန်း(၉/ပကခ(နိုင်)၀၅၆၄၄၇) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်မိုးမိုးသွယ်(၅/ရဘန(နိုင်)၀၀၈၅၅၁)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ မောင်သော်မင်းခန့်(၉/ခအဇ(နိုင်)၀၅၂၉၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH–464130)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–783910843

## မွေးသက္ကရာဇ်အမှန်

မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) သံပြားရုံမှ ဦးစိုးဝင်း အလုပ်အမှတ်(၃၄၉၈၂၁)အလုပ်ရုံစုမှူး(၁) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(၉/အမရ(နိုင်)၀၃၄၄၃၄)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၃-၁၉၆၄ ဖြစ်ပါကြောင်း။ ဦးစိုးဝင်း(၁၄-၃-၁၉၆၄)


## အဖိုးတန်ရေချိုကို ချွေတာပါ

❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုး တိုးတက်မှုများမဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၉ ရက်တွင်ပြုလုပ်သော မန္တလေးလျှပ်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီမိုကရေစီစနစ် လိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့




အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမရှေ့ဒတိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည်အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှ မဲရုံပိတ်သိမ်းသည်ထိ မည်သည့် ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့်သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုက **စာမျက်နှာ ၂၂ ကော်လံ ၁**☆

နိုင်ငံတကာလေ့လာစောင့်ကြည့် အဖွဲ့များ၏ မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များ ပေးခြင်းအခမ်းအနားတွင် ပြောကြားသည့် နိုင်ငံတကာ တာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များ

စာမျက်နှာ - ၁၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ နေပြည်တော် လေဆိပ်မှ ပြန်လည်ထွက်ခွာ

စာမျက်နှာ - ၂၀

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို စိတ်ချမ်းမြေ့စွာကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး(အသွား၊အပြန်)ရထားခရီးစဉ်ကို ခရစ္စမတ်ရုံးပိတ်ရက်ကာလဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်ထိ လေးရက်တိုင်တိုင် ပြေးဆွဲပေးခဲ့ရာ ရထားစီးခရီးသည်စီးနင်းမှုများပြားခဲ့ကြောင်းသိရသည်။

ရှုခင်းကြည့်ရထားခရီးစဉ်ကို ပြည်သူများ ကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် များပြားမှုကြောင့် ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက် နှစ်ကြိမ်

**စာမျက်နှာ ၂၃ ကော်လံ ၁** ❖



